# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 29 April 2025 ၁၁၈၀၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက မဟာသီဟနာဒကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအား ရည်စူး၍ တစ်လပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအား ရည်စူး၍ တစ်လပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ၊ နိုင်ငံတော်သြဝါဒါစရိယ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏတို့အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

## ယနေ့ ဖတ်စရာ

**နိုင်ငံတကာမှ ရာဇဝတ်ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်တွင်းရာဇဝတ်ကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၅



**မန္တလေးငလျင်ကြီးနဲ့ လူသားချင်းစာနာထောက်ထားမှု သံခင်းတမန်ခင်း**

ဆောင်းပါး စာမျက်နှာ » ၁၀

**နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့် ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ**

စာမျက်နှာ » ၁၂

# ကြေးမုံ

## တရားမျှတမှုနှင့် ဂုဏ်သိက္ခာကို ပြသကြပါစို့

မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ကချင်ပြည်နယ်တို့မှ တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ ပျက်စီးဆုံးရှုံးသွားခဲ့သည်ကို အားလုံးသိရှိကြပြီးဖြစ်သည်။ အဆိုပါဒေသများမှ ဘာသာပေါင်းစုံဖြေဆိုထားသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၃၀၀၀ ခန့်ရှိပြီး ၎င်းတို့၏ကိုယ်စီအရည်အချင်းများကို ပြန်လည်အသိအမှတ်ပြုရန်အတွက် လာမည့် ဇွန်လ ၁၆ ရက်နေ့မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲများ ပြန်လည်ဖြေဆိုရန် မြန်မာနိုင်ငံစာစစ်အဖွဲ့က အသိပေးကြေညာခဲ့သည်။

အဆိုပါအသိပေးကြေညာချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများကြား၌ ဝေဖန်သုံးသပ်မှုများ အမျိုးမျိုးပေါ်ထွက်လာကြသည်ကို ကြားသိကြရမည်ဖြစ်သည်။ မတူကွဲပြားသော လူမှုအသိုက်အဝန်းများကြား၌ မန္တလေးငလျင်လှုပ်ခတ်မှုဒဏ်ကို ခံစားနေရသည့်အခါ၌ ပြန်လည်ဖြေဆိုရန်မသင့်ဘဲ အားလုံးအအောင်ပေးစေလိုသူများ၊ ကြိုးစားအားထုတ်နိုင်မှုအခြေအနေများအလိုက် ပြန်လည်ဖြေဆိုရန် လိုလားသူများ စသည်ဖြင့် ပြည်သူများကြား၌ ဝိဝါဒသဘောထားအမျိုးမျိုးကွဲပြားမှုများ ပေါ်ထွက်လာသည်။ မြန်မာနိုင်ငံ၏ ရေးကာလက အကြောင်းကိစ္စတစ်ခုကြောင့် သတ္တမတန်းကျောင်းသား ကျောင်းသူများကို အားလုံးစာမေးပွဲအအောင်ပေးမှုရှိသော်လည်း ယခုအခြေအနေသည် ၎င်းအခြေအနေနှင့် မတူသည်ကို သတိပြုဖို့လိုမည်ဖြစ်သည်။

ယခုအခြေအနေသည် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်ပွားခြင်းမဟုတ်ဘဲ ငလျင်ဒဏ်သင့် မြန်မာနိုင်ငံအလယ်ပိုင်း ဒေသအချို့တွင် ဖြစ်ပေါ်ခဲ့ခြင်းသာဖြစ်သည်။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခုနှင့် ပြည်တွင်းစာစစ်ဌာန စုစုပေါင်း ၈၁၇ ခု ဖွင့်လှစ်ပေးခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး လက်တွေ့ဖြေဆိုမှုအခြေအနေအရ နိုင်ငံခြားစာစစ်ဌာန လေးခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၀၄ ခု စုစုပေါင်းစာစစ်ဌာန ၈၀၈ ခု ဖွင့်လှစ်ဖြေဆိုခဲ့ကာ စာရင်းပေးသွင်းပြီး မဖြေဆိုကြသူများနှင့် ပျက်ကွက်သူများအရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူများမှာ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ရာခိုင်နှုန်း ၉၀ ကျော်ရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်တန်း Grade–12 သည် အခြေခံပညာအဆင့်တွင် နောက်ဆုံးအဆင့်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ၏ ဘဝရည်မှန်းချက်အတွက် အဆုံးအဖြတ်ပေးနိုင်သောအဆင့်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်စစ်ဆေးရခြင်းရည်ရွယ်ချက်သည် တရားမျှတမှုရှိစေရေး၊ ဂုဏ်သိက္ခာရှိစေရေးနှင့် Academic Career ကို အထောက်အကူပြုစေရေးအတွက်ဖြစ်သည်။ မျှတမှုရှိစေရန်ဆိုရာ၌ ကျောင်းသား ကျောင်းသူများအားလုံးသည် စာမေးပွဲအောင်မြင်ရန် ရည်မှန်းချက်အပြင် အနာဂတ်ရည်မှန်းချက်ကို ကိုယ်စီမျှော်မှန်း၍ အစွမ်းကုန်ကြိုးစားခဲ့ကြသူများဖြစ်သည်။ ယင်းတို့တွင် ရိုးရိုးအောင်မြင်လိုသူများနှင့် အထူးအောင်မြင်လိုသူများလည်းရှိမည်ဖြစ်ရာ အားလုံး တစ်ပြေးညီအောင်မြင်မည်ဆိုပါက တရားမျှတမှုရှိမည်မဟုတ်ပေ။ ရည်မှန်းချက်ကိုယ်စီဖြင့် ကြိုးစားအားထုတ်လာကြသော ကျောင်းသား ကျောင်းသူများအား 'ဆွမ်းကြီးလောင်းသလို' ဆိုသည့် စကားအတိုင်း အချောင်အောင်မြင်လာသည်ဆိုပါက ၎င်းတို့၏ ကြိုးစားအားထုတ်မှုနှင့် ဂုဏ်သိက္ခာကို စော်ကားရာရောက်မည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်း Grade–12 သည် အခြားအတန်းများနှင့်မတူပေ။ Grade–12 သည် မိမိနှင့်ထိုက်တန်သည့် တက္ကသိုလ်တစ်ခု၏ ဝင်ခွင့်အောင်လက်မှတ်ဖြစ်သည်။ ထို့အပြင် ပြည်တွင်းတက္ကသိုလ်များသာမက နိုင်ငံတကာတက္ကသိုလ်များသို့ တက်ရောက်မည်ဆိုပါကလည်း နိုင်ငံတကာအဆင့်မီသည့် အောင်လက်မှတ်တစ်ခုဖြစ်သည်။ ပြည်တွင်းတက္ကသိုလ်များသာမက နိုင်ငံတကာတက္ကသိုလ်များကို တက်ရောက်ရာ၌ ကြိုးစားအားထုတ်ခဲ့မှုရလဒ်များအရ ဆိုင်ရာဆိုင်ရာထိုက်တန်သည့် ဘာသာရပ်များကို ရရှိနိုင်သည်။ အားလုံးတစ်ပြေးညီဖြစ်နေမည်ဆိုပါ က ပညာရပ်ဆိုင်ရာ ရွေးချယ်ခွင့်နှင့် အခွင့်အလမ်းများ ရရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အရေးအကြီးဆုံးအဆင့်ဖြစ်၍ စာမေးပွဲပြန်လည်ဖြေဆိုခြင်းသည်သာ အကောင်းဆုံးဖြစ်ပေသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက လိုအပ်သည်များကို အဘက်ဘက်က လစ်ဟာမှုမကျန်အောင် တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ရာ မိမိကိုယ်ကို ယုံကြည်မှုရှိစေပြီး မိမိတို့၏ ဂုဏ်သိက္ခာနှင့် အခြားသူတစ်ပါးတို့အတွက်ပါ မျှတစေရန်အတွက် ကိုယ်စီစွမ်းရည်များကို ပြန်လည်ဖော်ထုတ်ပြသခြင်းသည်သာ အကောင်းဆုံးဖြစ်ပါကြောင်း။ ။

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် မေ ၂၈ ရက်အထိ သေဆုံးသူ ၃၇၇၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၁၀၆ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၈ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ဆက်လက်ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၂၇ ရက် ည ၈ နာရီ ၁၀ မိနစ်မှ ၂၈ ရက် ညနေ ၅ နာရီအတွင်း မလေးရှားနိုင်ငံအခြေစိုက် Fo Guang Shan နှင့် Buddha's Light International Association Yayasan Sin Chew အဖွဲ့အစည်းများကထောက်ပံ့သည့် စုစုပေါင်း ၃ ဒသမ ၉၁၈ တန်ရှိ မိုးကာတဲ၊ စောင်၊ ခြင်ထောင်၊ တဘက်၊ ဆိုလာမီးအိမ်၊ သွားတိုက်ဆေး၊ သွားတိုက်တံနှင့် အိပ်ရာများ၊ တရုတ်နိုင်ငံအခြေစိုက် တရုတ်–မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး အသင်းက ထောက်ပံ့သည့် စုစုပေါင်း ၂ ဒသမ ၁၈၅ တန်ရှိ ဆေးဝါးများနှင့် တရုတ်နိုင်ငံအခြေစိုက် Buddhist Tzu Chi Charity Foundation မှ ထောက်ပံ့သည့် စုစုပေါင်း ၅ ဒသမ ၅၄၇ တန်ရှိ ခြင်ထောင်၊ အိပ်ရာများအား သယ်ဆောင်လာသော လေယာဉ်များ ဆိုက်ရောက်ခဲ့သည်။

ထောက်ပံ့ရေး ပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက်သမားတွေရဲ့ လက်အောက်မှာ အသက်နဲ့ရင်းပြီး ဘုရားဖူးနေရသော ပြည်သူများ"** ခေါင်းစဉ်ဖြင့် ၃၀–၅–၂၀၂၅ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လသားကလေးငယ်ပါမချန် အကြောင်းမဲ့သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF "** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❐

## ၂၈ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၆၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈ – ၅ – ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၉၀၀ | ၆,၉၀၀ | ၁၉၃ | ၁,၃၃၁,၇၀၀ |
| MTSH | ၃,၀၅၀ | ၃,၁၅၀ | ၁,၁၇၇ | ၃,၅၉၄,၈၅၀ |
| MCB | ၇,၆၀၀ | ၈,၂၀၀ | ၁၂၆ | ၉၆၁,၁၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၇၈၀ | ၁,၄၀၄,၀၀၀ |
| TMH | ၃,၂၀၀ | ၃,၀၀၀ | ၇၆၀ | ၂,၂၈၂,၀၀၀ |
| EFR | ၁,၅၀၀ | ၁,၅၀၀ | ၃၉၆ | ၅၉၄,၀၀၀ |
| AMATA | ၃,၈၀၀ | ၃,၉၀၀ | ၈၁ | ၃၁၃,၈၀၀ |
| MAEX | ၃,၀၅၀ | ၃,၀၅၀ | ၁,၆၅၇ | ၅,၀၅၃,၈၅၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၀၀ | ၁၀ | ၃၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** – ဦးဝင်းနိုင်
**ဒေတ္တ စာတည်းမှူး** – ဦးအေဝမ်းစိုး
**စာတည်းများ** – ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
**ဘာသာပြန် စာတည်းများ** – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** – ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** – ဒေါ်ဇင်မာဝင့်
**စာပြင်** – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အခမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❂ ရှေ့ဖုံးမှ

တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်တွင်းမှကူညီကယ်ဆယ်ရေးအဖွဲ့များ၊ နိုင်ငံတကာမှရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ အတူတကွပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဦးစားပေးအဆင့်အလိုက် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို တင်ဆက်ထားသည့် မှတ်တမ်းရုပ်သံဗီဒီယိုအား ကြည့်ရှုကြသည်။

ထို့နောက် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအား ရည်စူး၍ တစ်လပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို “နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး မဟာ သီဟနာဒကျောင်းတိုက် ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

စာမျက်နှာ ၄ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် မဟာသီဟနာဒ ကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တ အာစိဏ္ဏ ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❂ စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ပေါက်မြိုင် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က မဟာသီဟနာဒ ဆရာတော်ကြီးထံလည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံလည်းကောင်း လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ တရားတော်များနာကြား၍ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်းရှင်လူပြည်သူများအား ရည်စူးပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

ထို့နောက် အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနားတက်ရောက် လာကြသူများက ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပေါက်မြိုင်ဆရာတော်ကြီး ဘဒ္ဒန္တဇနိန္ဒထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေ့ဆွမ်း ဆက်ကပ်လှူဒါန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်တွင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဧပြီ ၂၈**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများသို့ နိုင်ငံတော်အစိုးရအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ဆေးဝါးများကို နေ့ရက်အလိုက် မြန်မာနိုင်ငံသို့ ပေးပို့လျက်ရှိသဖြင့် နိုင်ငံတော်နှင့် ပြည်သူများက ကျေးဇူးတင်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ငလျင်ဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ လာအို၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ ဘူတန်၊ ဖိလစ်ပိုင်၊ ဂျပန်၊ နီပေါ၊ ပါကစ္စတန်၊ တူကီယဲ၊ အမေရိကန်၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ အဇာဘိုင်ဂျန်၊ ဘရူနိုင်း၊ တောင်ကိုရီးယား၊ ဂျာမနီနှင့် ကမ္ဘောဒီးယား စသည့် နိုင်ငံပေါင်း ၂၆ နိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် တူကီယဲ စသည့် နိုင်ငံ ၁၃ နိုင်ငံတို့မှ ဆေးအကာအကွယ်အဖွဲ့များ ပူးတွဲပါဝင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ၁၆ ဖွဲ့ (လူဦးရေ ၁၀၇၀)နှင့် ရှာဖွေကယ်ဆယ်ရေးခွေး ၃၈ ကောင်တို့ဖြင့် ပြည်တွင်းရှိ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မြေပြင်ကွင်းဆင်း၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အဦများအတွင်းသို့ ရောက်ရှိပိတ်မိနေကြသည့် ပြည်သူများအား

**စာမျက်နှာ ၆ သို့ »»**



ရုရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ မတ် ၃၁ ရက်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။




မန္တလေးမြို့၌ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံ ပြိုကျပျက်စီးသည့်နေရာ၌ ဧပြီ ၃ ရက်တွင် ရုရှားနိုင်ငံမှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်ရေးဆောင်ရွက်နေစဉ်။




တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ မတ် ၂၉ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိစဉ်။



အိန္ဒိယနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ မတ် ၂၉ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိစဉ်။




ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးသုံး အထောက်အကူပြုပစ္စည်းများ ဧပြီ ၅ ရက်တွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ထပ်မံရောက်ရှိစဉ်။



စင်ကာပူနိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ မတ် ၃၀ ရက်တွင် နေပြည်တော်သို့ ရောက်ရှိစဉ်။

»»» **စာမျက်နှာ ၅ မှ**

နိုင်ငံအလိုက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ကယ်ဆယ်ရှာဖွေတွေ့ရှိခဲ့သည့် လူနာများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ကယ်ဆယ်သည့်နေရာတွင်ပင် အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထိုသို့နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပြည်တွင်း ရှာဖွေကယ်ဆယ်ရေး အဖွဲ့အစည်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်မှုကြောင့် အသက်ရှင်ကျန်ရစ်သူ ၆၅၃ ဦးနှင့် Dead body ၇၇၈ ဦးတို့ကို ရှာဖွေတွေ့ရှိခဲ့ပါသည်။

ထို့ပြင် နိုင်ငံတကာဆေးအဖွဲ့များအနေဖြင့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ရုရှား၊ အမေရိကန်၊ သီရိလင်္ကာ၊ တောင်ကိုရီးယား၊ ဂျာမနီ၊ အိန္ဒိယ၊ လာအို၊ နီပေါ၊ စင်ကာပူ၊ ဂျပန်နှင့် မလေးရှား စသည့် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ဆေးအဖွဲ့ ၂၈ ဖွဲ့၊ အဖွဲ့ဝင်စုစုပေါင်း ၁၁၅၂ ဦးတို့က ပြင်ပလူနာ ၂၉၂၀၆ ဦး၊ အတွင်းလူနာ ၉၅၇ ဦးနှင့် ခွဲစိတ်လူနာ ၁၀၈၄ ဦးတို့ကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပါသည်။

ထိုသို့ နိုင်ငံတကာအဖွဲ့အစည်းများ၏ စွမ်းစွမ်းတမံဆောင်ရွက်ချက်များ၊ ပြည်တွင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းအားလုံး၏ အများအကျိုးအတွက် နေ့မအား ညမနား သက်စွန့်ကြိုးပမ်း ပါဝင်ကူညီဆောင်ရွက်ချက်များကို နိုင်ငံတော်နှင့် မြန်မာပြည်သူပြည်သားများက လေးနက်စွာ အသိအမှတ်ပြု၍ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ**
**စီမံခန့်ခွဲမှုကော်မတီ**



မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးသုံး အထောက်အကူပြုပစ္စည်းများ ဧပြီ ၇ ရက်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။




ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ မတ် ၃၁ ရက်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။




ဗီယက်နမ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ဧပြီ ၈ ရက်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။




ယူအေအီးနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ မတ် ၃၁ ရက်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။




လာအိုနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ မတ် ၃၁ ရက်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။



ဘယ်လာရုစ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ဧပြီ ၇ ရက်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။



အင်ဒိုနီးရှားနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ဧပြီ ၃ ရက်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။

»»» စာမျက်နှာ ၆ မှ







ဘူတန်ဘုရင့်နိုင်ငံမှ ဆေးဘက်ဆိုင်ရာအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ယာယီဆေးရုံ(ပေါင်းလောင်း)တွင် ဧပြီ ၁၁ ရက်က ပူးပေါင်းပါဝင်ကုသပေးစဉ်။



အင်ဒိုနီးရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ ဧပြီ ၁ ရက်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။




ဖိလစ်ပိုင်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ ဧပြီ ၂ ရက်တွင် နေပြည်တော်တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။



ဂျပန်နိုင်ငံ JICA မှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ ဧပြီ ၂ ရက်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။



နီပေါနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ ဧပြီ ၂ ရက်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။



မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေး (အထူး)တပ်ဖွဲ့ဝင်များနှင့် တူကီယဲနိုင်ငံမှ Gea Search and Rescue အဖွဲ့ဝင်များပူးပေါင်း၍ နေပြည်တော်ရှိ အေးချမ်းသာဟိုတယ်၌ ပိတ်မိနေသည့် အမျိုးသားတစ်ဦးအား ဧပြီ ၂ ရက်တွင် အသက်ရှင်လျက် ကယ်ဆယ်ရရှိစဉ်။



မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် Sky Villa အဆောက်အအုံ ပြိုကျပျက်စီးသည့်နေရာ၌ မတ် ၃၀ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်ရေးဆောင်ရွက်နေစဉ်။

စာမျက်နှာ ၈ သို့ »»»

»»» စာမျက်နှာ ၇ မှ



ဥတ္တရသီရိအထွေထွေရောဂါကုဆေးရုံကြီး၌ မတ် ၃၀ ရက်က မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့မှ အဖွဲ့ဝင်များ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။




သီရိလင်္ကာနိုင်ငံအစိုးရမှ လှူဒါန်းသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ မေ ၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။



ပါကစ္စတန်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ မေ ၂ ရက်က နေပြည်တော်တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။



ဖိလစ်ပိုင်နိုင်ငံမှ PEMAT ဆေးအဖွဲ့များ မေ ၃ ရက်က လယ်ဝေးမြို့နယ် ပြည်သူ့ဆေးရုံ၌ လူနာများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။



စင်ကာပူနိုင်ငံမှ သူနာပြုဆေးအဖွဲ့များ မတ် ၃၀ ရက်က ကယ်ဆယ်ရှာဖွေတွေ့ရှိခဲ့သည့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။



စင်ကာပူနိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ မတ် ၂၉ ရက်က နေပြည်တော်သို့ ရောက်ရှိစဉ်။



ဩစတြေးလျနိုင်ငံမှ လှူဒါန်းသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ မေ ၈ ရက်က မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်။



အိန္ဒိယနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ မေ ၅ ရက်က မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်။

# ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၈**

ငလျင်ဒဏ်သင့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများကို အမြန်ဆုံးဖယ်ရှားနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်စိတ်တစ်ဒေသအသုံးပြုနိုင်ရန် အတွက် နိုင်ငံတော်မှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေများကို ထောက်ပံ့ပေးလျက်ရှိသည်။

ထိုသို့ ထောက်ပံ့ပေးခဲ့ရာ ငလျင်ဒဏ်သင့်ဒေသများဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေအတွက် ငွေကျပ် ၁၀ ဘီလီယံ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွက် ငွေကျပ် ဘီလီယံ ၅၀၊ မန္တလေးတိုင်းဒေသကြီးအတွက် ငွေကျပ် ဘီလီယံ ၆၀ နှင့် ရှမ်းပြည်နယ်အတွက် ငွေကျပ် ငါးဘီလီယံတို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနက နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးများသို့ ထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေထောက်ပံ့မှုများကို နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးအလိုက် တာဝန်ရှိသူများက ငလျင်ဒဏ်သင့်ဒေသများ၌ ပျက်စီးသွားခဲ့သည့် ဘုရားပုထိုးစေတီ၊ ကျောင်းကန်ဇရပ်များ၊ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများနှင့် အခြားပြိုကျပျက်စီးခဲ့သော အဆောက်အအုံများမှ ပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများ၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အပြင် ပြည်သူလူထုအတွက် လိုအပ်သော ထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်းတို့ကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေး ကနဦးအသုံးပြုနိုင်ရန်အတွက် ထုတ်ပေးထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



၁၉-၄-၂၀၂၅ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ် ဘီလီယံ ၅၀ ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူစဉ်။



မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် Sky Villa တွင် ဧပြီ ၂၁ ရက်က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



နေပြည်တော် ပျဉ်းမနားမြို့ ခေမာသီဝံကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံတော် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့မှုအား မတ် ၃၀ ရက်က ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## တိုက်ကြီးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲ ကျင်းပ

**တိုက်ကြီး ဧပြီ ၂၈**

ရန်ကုန်တိုင်း ဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စီမံကိန်း ရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းမော်က စီမံကိန်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့နယ်အဆင့်ဌာနဆိုင်ရာများအား ဒေသန္တရစီမံကိန်း တာဝန်များကို ပေးအပ်သည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံနှင့် အခြားသီးနှံများ စိုက်ပျိုးရေးအတွက် စီမံကိန်းတာဝန်များကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ပေးအပ်သည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



### ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၇၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၈-၄-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၀-၄-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၄-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၇၇၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန္တလေးငလျင်ကြီးနဲ့ လူသားချင်းစာနာထောက်ထားမှု သံခင်းတမန်ခင်း

KMMS ၊ Maw Zay (MFA)

နိုင်ငံတစ်နိုင်ငံဟာ မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး စတဲ့ သဘာဝဘေးအန္တရာယ်တွေ ကျရောက်ကြုံတွေ့ရတဲ့အခါမျိုးမှာ ကမ္ဘာ့နိုင်ငံ၊ အစိုးရနဲ့ အစုအဖွဲ့တွေအကြား ပုံမှန်အချိန်မှာ ရှိခဲ့တဲ့ နိုင်ငံရေးအရ အဟန့်အတားနဲ့ အေးစက်တင်းမာမှုတွေကို လျစ်လျူရှုဘေးဖယ်ထားပြီး လူသားချင်းစာနာထောက်ထားခြင်းဆိုတဲ့ရှုထောင့်မှ ပူးပေါင်းဆောင်ရွက်မှုကို မြင့်တင်စေနိုင်တဲ့ သံခင်းတမန်ခင်းလုပ်ငန်းစဉ်တွေကို သဘာဝဘေးအန္တရာယ် သံခင်းတမန်ခင်းလို့ သီအိုရီတွေက ညွှန်းဆိုထားရှိကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့ကာလတွေမှာ ပြည်တွင်း အကြမ်းဖက်သောင်းကျန်းမှု ဖြစ်စဉ်တွေနဲ့ နောက်ဆက်တွဲ နိုင်ငံရေးအရ ရှုပ်ထွေးမှုတွေ ပေါ်ပေါက်ခဲ့တဲ့အတွက် နိုင်ငံတကာမျက်နှာစာမှာ သတင်းတု၊ သတင်းမှားတွေကို အခြေခံကာ နိုင်ငံတကာ သံတမန်ဆက်ဆံရေးမှာ အဖုအထစ်၊ အခက်အခဲတွေဖြစ်ပေါ်ခဲ့ပြီး မြန်မာနိုင်ငံကို အထီးကျန်ဖြစ်စေဖို့ ဆောင်ရွက်ခဲ့ကြတာမျိုးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

ဒါပေမဲ့ အဲဒီလိုအခြေအနေနောက်ခံမျိုးမှာပဲ သဘာဝဘေးအန္တရာယ်နဲ့ ကြုံတွေ့ရင်ဆိုင်ရချိန်မှာတော့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သံခင်းတမန်ခင်းဆိုတဲ့ ခေါင်းစဉ်ဟာ ရံဖန်ရံခါမှာ အကျပ်အတည်းကြားက အခွင့်အလမ်းတစ်ရပ် (challenges into opportunities) အဖြစ်သို့ ပြောင်းလဲစေခဲ့ပါတယ်။

**လူသားချင်းစာနာထောက်ထားမှု သံခင်း တမန်ခင်း ဆိုရာဝယ်**

လူသားချင်း စာနာထောက်ထားမှု သံခင်းတမန်ခင်းဆိုတာ သဘာဝဘေးအန္တရာယ် အမျိုးမျိုးနဲ့ ကြုံတွေ့ရတဲ့အခါမျိုးမှာ ဘေးဒဏ်သင့်ပြည်သူတွေအတွက် အထောက်အပံ့၊ ရန်ပုံငွေနဲ့ ကူညီကယ်ဆယ်မှုတွေရရှိစေဖို့ သံတမန်ရေးဆိုင်ရာ နည်းနာနဲ့ နည်းဗျူဟာတွေ အသုံးပြုခြင်းကို ရည်ညွှန်းပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ သဘာဝဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့ရတဲ့အခါမျိုးမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေလို အကျပ်အတည်းကာလအတွင်း ဘေးဒဏ်သင့်သူတွေအတွက် ကူညီပံ့ပိုးမှု အထောက်အပံ့တွေ မြန်မြန်ဆန်ဆန် ရောက်ရှိစေဖို့အတွက် အစိုးရတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်း အေဂျင်စီတွေအကြားမှာ လူသားချင်းစာနာထောက်ထားမှုရှုထောင့်ကနေပြီး သံတမန်ရေးနည်းလမ်းနဲ့ ကြိုးပမ်းအားထုတ်ကြခြင်းပဲ ဖြစ်ပါတယ်။

အဲဒီလိုမျိုး လုပ်ဆောင်ကြတဲ့အခါမှာလည်း လတ်တလောအတွက်သာမဟုတ်ဘဲ နောက်ပိုင်းကာလတွေအတွက်ပါ ရည်ရွယ်ပြီး အလားတူသဘာဝဘေးအန္တရာယ်မျိုးနဲ့ ရင်ဆိုင်ကြုံတွေ့မယ်ဆိုရင် လူမှုအသိုက်အဝန်းနဲ့ ပြည်သူတွေအနေနဲ့ ပိုပြီး ကြံ့ကြံ့ခံနိုင်စွမ်းရှိစေရေး အထောက်အကူပြုပေးနိုင်ဖို့အတွက် ရေရှည်မြော်တွေးတဲ့ ချဉ်းကပ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပါဝင်တာကိုလည်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပြည်ပနိုင်ငံတွေက အစိုးရအဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂအေဂျင်စီတွေနဲ့ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းတွေ အပါအဝင် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့တွေရဲ့ဝင်ရောက်မှုနဲ့ လုပ်ငန်းလုပ်ကိုင်မှုတွေ အဆင်ပြေချောမွေ့စေဖို့ လိုအပ်တဲ့ ပံ့ပိုးမှုတွေကို အချိန်နဲ့တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်မှုတွေအား ကောင်းခဲ့တဲ့အတွက် ယခုဖြစ်ပွားခဲ့တဲ့ မန္တလေးငလျင်ကြီးဟာ မြန်မာနိုင်ငံကို သံတမန်ရေးဆိုင်ရာ အလှည့်အပြောင်းတစ်ရပ် ဖန်တီးစေခဲ့ပါတယ်။

**မန္တလေးငလျင်ကြီးရဲ့ အဖျက်စွမ်းအား**

၂၈-၃-၂၀၂၅ ရက်နေ့က လှုပ်ခတ်သွားခဲ့တဲ့ ပြင်းထန်ငလျင်ကြီးကြောင့် လူပေါင်း ၃၇၇၀ အသက်ဆုံးရှုံးခဲ့ရပြီး ၅၁၀၆ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြပါတယ်။ အထူးသဖြင့် စစ်ကိုင်း၊ မန္တလေး၊ နေပြည်တော်၊ မကွေး၊ ပဲခူးနဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသတွေမှာ ရှိကြတဲ့ ဒေသခံပြည်သူသိန်းပေါင်းများစွာဟာ ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးရခြင်း၊ နေထိုင်ရာ အိုးအိမ်နဲ့ မူရင်းဒေသကို စွန့်ခွာရခြင်း၊ အလုပ်အကိုင်နဲ့ ဝင်ငွေရရှိနိုင်မှုအခြေအနေ ပျက်ယွင်းခြင်း စတဲ့ အခက်အခဲတွေနဲ့ ရင်ဆိုင်ရလျက်ရှိပါတယ်။

ဒီလိုကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိတဲ့ သဘာဝဘေးအန္တရာယ်ကြီးဟာ လူမျိုး၊ အသားအရောင်၊ ဘာသာနဲ့ နိုင်ငံရေးယုံကြည်ချက် ဘယ်လိုပဲ ကွဲပြားစေကာမူ အားလုံးအပေါ် ညီတူမျှတူ ထိခိုက်နစ်နာစေခဲ့ပါတယ်။ ငလျင်ကြောင့် ယိုယွင်းပျက်စီးခဲ့တဲ့ တိုက်တာအိုးအိမ်တွေ၊ စာသင်ကျောင်း၊ ရုံးအဆောက်အအုံတွေ၊ ဆေးရုံတွေ၊ လမ်းတံတားတွေနဲ့ ဘာသာရေးအဆောက်အအုံများစွာကနေ အပျက်အစီးတွေကို ဖယ်ရှားရှင်းလင်းရေး၊ ခိုင်ခံ့အောင်ပြန်လည်အားဖြည့်ပြုပြင်ရေး၊ ပြုပြင်မရတော့တာတွေကို ဖြိုချဖျက်ဆီးပြီး ပြန်လည်တည်ဆောက်ရေး စတဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေဟာလည်း တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့၊ အစိုးရတစ်ခုတည်းက ဆောင်ရွက်နိုင်မယ့်ပမာဏ မဟုတ်ပါဘူး။

ယခုလို ဘေးအန္တရာယ်မျိုးကြုံတွေ့ပါက ဘယ်နိုင်ငံအစိုးရမဆို အရေးပေါ်ဆောင်ရွက်ဖို့ ခက်ခဲမှု ရှိတတ်ကြတာဖြစ်တာကြောင့် နိုင်ငံတကာမှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီနဲ့ အထောက်အပံ့တွေကို အချိန်မီဖိတ်ခေါ်မှုတွေ ပြုရသည်သာဖြစ်ပါတယ်။ ဒါက လူသားချင်းစာနာမှုဆိုင်ရာသံခင်းတမန်ခင်းလုပ်ငန်းစဉ်ရဲ့အစပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရရဲ့ အချိန်နဲ့တစ်ပြေးညီ ဖိတ်ခေါ်မှုကြောင့် ဒေသတွင်း မိတ်ဖက်အဖွဲ့အစည်းဖြစ်တဲ့ 'အာဆီယံ' အပါအဝင် ကမ္ဘာ့နိုင်ငံတွေက ချက်ချင်းဆိုသလို လျင်လျင်မြန်မြန်ပဲ လူသားချင်းစာနာမှု အကူအညီတွေ ပေးအပ်ကြခြင်းဖြင့် မြန်မာနိုင်ငံရဲ့ လိုအပ်ချက်အပေါ် တုံ့ပြန်မှုရှိခဲ့တာကိုလည်း ပကတိဖြစ်စဉ်တွေအရ တွေ့ရှိရပါတယ်။



၁၀-၄-၂၀၂၅ ရက်နေ့တွင် တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိစဉ်။

**မြေလျင်တုံ့ပြန်မှု သံခင်းတမန်ခင်း**

ငလျင်ဖြစ်စဉ်အပြီး အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်တွေနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေကို အဆင့်ဆင့် ဆောင်ရွက်ရတာဖြစ်လို့ နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးက ပူးပေါင်းဆောင်ရွက်မှုရှိဖို့ အရေးကြီးပါတယ်။ မြန်မာနိုင်ငံရဲ့ မြေလျင်တုံ့ပြန်မှု သံခင်းတမန်ခင်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုအချို့ကို လေ့လာကြည့်မယ်ဆိုရင် အချိန်နဲ့တစ်ပြေးညီ လျင်မြန်စွာ ဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။

မြေလျင်တုံ့ပြန်မှု ပထမအဆင့်ဖြစ်တဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်မှာ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးသမား ၂၀၉၉ ဦး၊ ကယ်ဆယ်ကူညီရေးလေယာဉ် ၁၄၅ ခေါက်၊ ကားအစီးရေ ၂၃ စီး၊ သင်္ဘော ငါးစင်းနဲ့ ထောက်ပံ့ရေးပစ္စည်း ၁၅၁၄ ဒသမ ၆၆ တန် အချိန်မီရောက်ရှိပြီး ကူညီထောက်ပံ့မှုများ ဆောင်ရွက်ခဲ့တာကို နိုင်ငံတော်ရဲ့ ဧပြီလ ၂၀ ရက်နေ့ ထုတ်ပြန်ကြေညာချက်အရ လေ့လာတွေ့ရှိရပါတယ်။

ယခုအခါမကြာမီမိုးကျတော့မယ့်ကာလဖြစ်တဲ့အတွက် ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေကို ဦးစားပေးလုပ်ငန်းအဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ ငလျင်ကြောင့် ဖြစ်ပေါ်ခဲ့တဲ့ အပျက်အစီးတွေဟာ အနည်းဆုံးတန်ချိန် နှစ်သန်းခွဲရှိပြီး ဒါတွေကို ဖယ်ရှားနိုင်ဖို့အတွက် ကုန်တင်ကားစီးရေ တစ်သိန်းနှစ်သောင်းခွဲစာခန့် အသုံးပြုရမှာ ဖြစ်တယ်လို့ သုံးသပ်ဖော်ပြထားတာကိုလည်း ဖတ်ရှုရပါတယ်။

ဒါကြောင့် ငလျင်ကြီးဖြစ်ပွားပြီးချိန်မှာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့စဉ်က ပြည်တွင်းနဲ့ နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေရဲ့ စုပေါင်းအင်အားနဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြတဲ့နည်းတူ အချိန်ကာလတစ်ရပ်ကြာတဲ့အထိ မဖြစ်မနေ ဆောင်ရွက်သွားရမယ့် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကိုလည်း အစိုးရနဲ့ ပြည်တွင်းအသိုက်အဝန်းအားလုံးရဲ့ ဝိုင်းဝန်းကြိုးပမ်းမှုအပြင် ပြည်ပမှ အကူအညီ အထောက်အပံ့နဲ့ နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေလည်း ဆက်လက်လိုအပ်နေဦးမှာ ဖြစ်ပါတယ်။

**ကျန်းမာရေးဆိုင်ရာ သံခင်းတမန်ခင်း**

ငလျင်ဒဏ်အများဆုံးခံစားခဲ့ရတဲ့ မန္တလေး၊

စာမျက်နှာ ၁၁ သို့ ❍


၃၀-၃-၂၀၂၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ ရောက်ရှိစဉ်။


၃၀-၃-၂၀၂၅ ရက်နေ့တွင် စင်ကာပူနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ ရောက်ရှိစဉ်။



ရုရှားနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အကူပစ္စည်းများ ရောက်ရှိစဉ်။



ဂျပန်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အကူပစ္စည်းများ ရောက်ရှိစဉ်။

**❍ စာမျက်နှာ ၁၀ မှ**

စစ်ကိုင်းနဲ့ နေပြည်တော်တစ်ဝိုက်ရှိ နေရာဒေသတွေမှာ တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘူတန်၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ရုရှား၊ ဂျပန်၊ စင်ကာပူ၊ အိန္ဒိယ၊ လာအို၊ အမေရိကန်၊ သီရိလင်္ကာ၊ တောင်ကိုရီးယား၊ ဂျာမနီစတဲ့ နိုင်ငံတွေက ဆေးကုသရေးအဖွဲ့တွေဟာ ဖြန့်ခွဲနေရာယူပြီး အရေးပေါ်ခွဲစိတ်မှုအပါအဝင် ကျန်းမာရေးဝန်ဆောင်မှုတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြပါတယ်။

အချို့သောနိုင်ငံတွေဟာ အရေးပေါ်ဆေးအဖွဲ့အဖြစ် သီးသန့်ရောက်ရှိလာကြတာဖြစ်ပြီး အချို့ကတော့ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေနဲ့အတူ ရောက်ရှိခဲ့ကြတာဖြစ်ပါတယ်။ သူတို့ဟာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ပြီးဆုံးချိန်မှာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေနဲ့အတူ ပြန်လည်ထွက်ခွာသွားသည်များရှိသလို အချို့ကတော့ နိုင်ငံအတွင်းမှာ ဆက်လက်ကျန်ရှိပြီး ဆေးကုသမှုအတွက် ကွင်းဆင်းဆောင်ရွက်တာ၊ ငလျင်ဒဏ်အပြင်းထန်ဆုံးခံစားခဲ့ရတဲ့ ဒေသသုံးခုရဲ့ မြို့တော်တွေမှာ အခြေစိုက်ပြီး ယာယီဆေးရုံ(field hospital) တွေ ဖွင့်လှစ်ကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူတွေကို ကာလရှည် စနစ်တကျ ကုသပေးတာမျိုးကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ငလျင်ပြီးတဲ့နောက် ဝမ်းပျက်ဝမ်းလျှောစတဲ့ ကူးစက်ရောဂါ ပြန့်ပွားမှုတွေ ကြုံတွေ့ရတတ်တာကြောင့် တရုတ်နိုင်ငံအစိုးရရဲ့ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနဲ့ ဆေးကုသရေးပညာရှင် ၅၀ ပါဝင်တဲ့အဖွဲ့ဟာ မန္တလေးမြို့မှာ အခြေစိုက်ပြီး ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**နိုင်ငံတော်ရဲ့စေတနာမှတ်ကျောက်**

တစ်ဖက်ကလည်း နိုင်ငံတော်အစိုးရက ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရတဲ့ တစ်နိုင်ငံလုံးရှိ ပြည်သူလူထုကို စာနာထောက်ထား နားလည်ရန်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းကာကွယ်ပေးရန်အတွက် ဧပြီ ၂ ရက်မှ ၂၂ ရက်အထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကာလအဖြစ် သတ်မှတ်ပေးခဲ့ပြီး ယခုအခါ ဧပြီ ၃၀ ရက်နေ့အထိ ထပ်တိုးသတ်မှတ်ပေးခဲ့ခြင်းဟာလည်း မှတ်ကျောက်တစ်ခုပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ရှာဖွေကယ်ဆယ်ရေးကာလအတွင်း အထက်မှာတင်ပြခဲ့တဲ့အတိုင်း နိုင်ငံတကာရဲ့ အကူအညီတွေ ရယူခဲ့တဲ့နည်းတူ အရေးပေါ်ကူညီကယ်ဆယ်ရေးအလွန် ပြန်လည်ထူထောင်ရေးအတွက် အမိုးအကာ၊ ယာယီတဲနဲ့ အစားအသောက်မဟုတ်တဲ့ပစ္စည်းတွေ ထောက်ပံ့ရေးကဏ္ဍ၊ ရေနဲ့ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ၊ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းကဏ္ဍနဲ့ ပညာရေးကဏ္ဍစတဲ့ ကဏ္ဍပေါင်းစုံမှာလည်း နိုင်ငံတကာနဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

> **“ဒီလို သဘာဝဘေးအန္တရာယ်နဲ့ ကြုံတွေ့ရချိန်မှာ နယ်နိမိတ်အတားအဆီး၊ နိုင်ငံရေးအသွေးအရောင်၊ အယူဝါဒ မတူမျှမှုတွေကို ဘေးချိတ်ပြီး လူသားအချင်းချင်း ကူညီရိုင်းပင်းကြတာမျိုးဟာ လူ့သမိုင်းတစ်လျှောက် လူသားချင်းစာနာမှုရဲ့ အလှပဆုံးပုံရိပ်တစ်ခုပဲ ဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ အရေးပေါ်ကူညီကယ်ဆယ်မှု အထောက်အပံ့တွေအတွက် ယာယီပူးပေါင်းဆောင်ရွက်မှုတွေဟာ ဆက်လက်ဆောင်ရွက်သွားရန်ရှိတဲ့ ပြန်လည်ထူထောင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေအတွက် ပိုမိုနီးကပ်တဲ့ ပူးပေါင်းမှုတွေ ပြုလုပ်နိုင်ဖို့ အခြေခံပန္နက်ပဲဖြစ်”**

**ငလျင်ဘေးသင့်ဒေသတွေမှာ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိ**

**အမိုးအကာအောက် ရောက်ရှိရေးကဏ္ဍ** အနေနဲ့ တာပေါ်လင်စ၊ စောင်၊ ခြင်ထောင်၊ မိသားစုမိုးကာတဲ၊ ဆိုလာမီးနဲ့ တစ်ကိုယ်ရေသုံးသန့်ရှင်းရေးနဲ့ မီးဖိုချောင်သုံးပစ္စည်းတွေကို ငလျင်ဒဏ်အမှန်တကယ် ထိခိုက်ခံစားရသူတွေထံ မိုးမကျမီ ထောက်ပံ့ပေးသွားဖို့၊ ထိခိုက်လွယ်တဲ့အုပ်စုတွေကို လုံခြုံစိတ်ချရတဲ့ အမိုးအကာတွေ ပြုလုပ်ပေးဖို့၊ ပျက်စီးနေတဲ့ အိမ်တွေကို ပြုပြင်တည်ဆောက်ရေးနဲ့ ပြန်လည်မွမ်းမံရေးအတွက် ဆောက်လုပ်ရေးပစ္စည်းတွေနဲ့ ပြုပြင်ရာမှာ အသုံးပြုတဲ့ပစ္စည်းတွေ ပံ့ပိုးပေးဖို့၊ ဘေးကင်းပြီး ရေရှည်တည်တံ့တဲ့ အိုးအိမ်တွေဖြစ်လာဖို့အတွက် နည်းပညာပိုင်းဆိုင်ရာ စစ်ဆေးခြင်းနဲ့ ကျွမ်းကျင်တဲ့လုပ်သားများ ပံ့ပိုးဆောင်ရွက်ပေးဖို့စတဲ့ လုပ်ငန်းစဉ်တွေကို လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**ရေနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ**အနေနဲ့ အားလုံး သန့်ရှင်းတဲ့သောက်သုံးရေ ရရှိဖို့၊ အမှိုက်သိမ်းဆည်းခြင်းနဲ့ သန့်ရှင်းရေးလုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်ပေးဖို့၊ သောက်သုံးရေနဲ့ နေ့စဉ်သုံးရေတွေကို မျှမျှတတခွဲဝေပေးဖို့နဲ့ မိုးရာသီကာလမှာ ဖြစ်ပွားတတ်တဲ့ ရေညစ်ညမ်းမှုနဲ့ မိလ္လာစနစ်တွေ ပြန်လည်ပြင်ဆင်ခြင်းနဲ့ ပြုပြင်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

**အစားအစာကဏ္ဍ**အနေနဲ့ အခြေခံအစားအစာတွေကို ငလျင်ဒဏ်ခံစားရသူတိုင်း အညီအမျှရရှိစေဖို့ ကူညီဆောင်ရွက်ပေးရေး၊ ငလျင်ဘေးသင့်ဒေသတွေမှာ စားရေရိက္ခာအပါအဝင် ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေဖို့ ဆောင်ရွက်ပေးဖို့နဲ့ ကလေးသူငယ်တွေအတွက် အာဟာရအရည်အသွေး ပိုမိုကောင်းမွန်ရရှိတဲ့ အစားအစာတွေ ပံ့ပိုးပေးဖို့ ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ကျန်းမာရေးကဏ္ဍ**အနေနဲ့ ဆေးရုံနဲ့ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံတွေ ကြံ့ခိုင်မှု ရှိ/မရှိ ဆန်းစစ်မှု ပြုလုပ်ဖို့၊ ရွေ့လျားဆေးခန်း၊ ယာယီဆေးရုံကဲ့သို့သော ယာယီကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့နေရာတွေ ပြုလုပ်ပေးဖို့၊ ငလျင်နဲ့ နောက်ဆက်တွဲငလျင်တွေကြောင့် ဖြစ်ပေါ်ခံစားရတဲ့ စိတ်ပူပန်မှု၊ စိတ်ပိုင်းဆိုင်ရာဖိစီးမှုစတဲ့ စိတ်ဒဏ်ရာ ကုသပေးခြင်းတွေနဲ့ ကူးစက်ရောဂါတွေ မပြန့်ပွားစေရေးအတွက် ကြိုတင်ကာကွယ် ပြင်ဆင်ထားဖို့စတာတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**အသက်မွေးဝမ်းကျောင်းကဏ္ဍ**အနေနဲ့ ငလျင်ဘေးကြောင့် အလုပ်အကိုင်ဆုံးရှုံးသွားရသူတွေ ဒါမှမဟုတ် မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်း ပျက်စီးသွားရသူတွေကို ငွေကြေးထောက်ပံ့ပေးဖို့၊ ရှင်သန်ရပ်တည်ရေးအတွက် ချေးငွေနဲ့ အမတော်ကြေးတွေ စီစဉ်ပေးဖို့စတာမျိုးနဲ့ စတင်နိုင်ဖို့လည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။

**ပညာရေးကဏ္ဍ**အနေနဲ့ ငလျင်ဘေးကြောင့် ပျက်စီးသွားတဲ့ စာသင်ကျောင်း ၂၅၁၄ ကျောင်းကို သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိတဲ့ အခြေအနေဖြစ်လာအောင် ဆောင်ရွက်ပြုပြင်ပေးဖို့ အဲဒီလိုတည်ဆောက်ရေးကာလမှာ အွန်လိုင်းစနစ်နဲ့ သင်ယူနိုင်တဲ့ အခြေအနေမျိုး ဖန်တီးပေးဖို့၊ သဘာဝဘေးအန္တရာယ် အသိပညာပေးဖို့နဲ့ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းတဲ့ လေ့ကျင့်ခန်းအစီအစဉ်တွေ ဆောင်ရွက်ပေးဖို့ အပါအဝင် သဘာဝဘေးအန္တရာယ်တွေကနေ လုံခြုံစိတ်ချရတဲ့ စာသင်ကျောင်းတွေဖြစ်လာစေဖို့ အစပြုပျိုးထောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **“စာသင်ကျောင်းများနှင့် ပတ်သက်၍ အခြေခံပညာကျောင်းများအား အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်သွားရန် လိုကြောင်း၊ ကလေးငယ်များ ကျောင်းဖွင့်ချိန်၌ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ပြင်ဆင်ရန်လိုအပ်သည့် စာသင်ကျောင်းများအလိုက် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရာတွင်လည်း အဆောက်အအုံများ ကောင်းမွန်ခိုင်ခံ့မှုရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း”** လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ပါတယ်။

**လူသားချင်းစာနာမှုရဲ့ အလှပဆုံးပုံရိပ်**

ဒီလို သဘာဝဘေးအန္တရာယ်နဲ့ ကြုံတွေ့ရချိန်မှာ နယ်နိမိတ်အတားအဆီး၊ နိုင်ငံရေး အသွေးအရောင်၊ အယူဝါဒမတူမျှမှုတွေကို ဘေးချိတ်ပြီး လူသားအချင်းချင်း ကူညီရိုင်းပင်းကြတာမျိုးဟာ လူ့သမိုင်းတစ်လျှောက် လူသားချင်းစာနာမှုရဲ့ အလှပဆုံးပုံရိပ်တစ်ခုပဲ ဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ အရေးပေါ် ကူညီကယ်ဆယ်မှု အထောက်အပံ့တွေအတွက် ယာယီပူးပေါင်းဆောင်ရွက်မှုတွေဟာ ဆက်လက်ဆောင်ရွက်သွားရန်ရှိတဲ့ ပြန်လည်ထူထောင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေအတွက် ပိုမိုနီးကပ်တဲ့ ပူးပေါင်းမှုတွေ ပြုလုပ်နိုင်ဖို့ အခြေခံပန္နက်ပဲဖြစ်ပါတယ်။

ဒါမျိုးဟာ နိုင်ငံတကာမှာ အောင်မြင်ခဲ့တဲ့ အစဉ်အလာလည်း ရှိခဲ့ဖူးပါတယ်။ ၁၉၉၉ ခုနှစ် က တူကီယဲနိုင်ငံမှာ ၇ ဒသမ ၆ အဆင့်ရှိ ငလျင်ကြီး လှုပ်ခတ်ခဲ့စဉ် နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာနေခဲ့တဲ့ အိမ်နီးချင်း ဂရိနိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေ ချက်ချင်းစေလွှတ်ကူညီပေးခဲ့သလို များမကြာမီ ရက်သတ္တပတ်အတွင်း ဂရိနိုင်ငံမှာလည်း အလားတူ ငလျင်ဒဏ်ခံစားခဲ့ရတဲ့အခါ တူကီယဲက လျင်လျင်မြန်မြန်ပဲ တုံ့ပြန်ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ အရေးကြီးရင် သွေးချင်းနီးခဲ့တဲ့ အဲဒီဖြစ်ရပ်ကြောင့် အိမ်နီးချင်း တူကီယဲနှင့် ဂရိတို့အကြားက နိုင်ငံရေး တင်းမာအေးခဲမှုတွေ အရည်ပျော်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး စာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်ခဲ့ဖူးပါတယ်။

ဒါကြောင့် **“လူသားချင်း စာနာထောက်ထားမှု သံခင်းတမန်ခင်း”** ကို ဖော်ဆောင်ခြင်းဖြင့် ကမ္ဘာနဲ့ ဆက်သွယ်ဆက်ဆံမှုတွေကို မြှင့်တင်ရင်း၊ အတားအဆီးတွေကို ဖယ်ရှားရင်း၊ ကရုဏာနဲ့ စာနာနားလည်မှုတွေကို ဖန်တီးရင်း၊ ယုံကြည်မှုတွေ တည်ဆောက်ရင်း နိုင်ငံတကာနဲ့ ရေရှည်တည်တံ့တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပေါ်ပေါက်လာနိုင်ဖို့အတွက် ဦးတည်တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။



ဘယ်လာရုစ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အကူပစ္စည်းများ နေပြည်တော်သို့ရောက်ရှိစဉ်။

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

နေပြည်တော် မေ ၂၈

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများလှူဒါန်းထောက်ပံ့မှုနှင့် မတ် ၃၀ ရက်မှ မေ ၂၀ ရက်အထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။

ယခုအခါ မေ ၂၁ ရက်မှ ၂၇ ရက်အထိ ရက်သတ္တ တစ်ပတ်အတွင်း အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံ ကူမင်းမြို့နှင့် နန်နင်းမြို့၊ ဘရူနိုင်းနိုင်ငံနှင့် AHA Centre တို့မှ ထပ်မံပေးပို့လှူဒါန်းလာသော မိုးကာစ၊ Hygiene Kit၊ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းစုံ၊ မီးဖိုချောင်သုံးပစ္စည်းစုံ၊ Kitchen Set၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးနှင့်ဆေးပစ္စည်းများအနက် ဆေးနှင့် ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန) သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်ပစ္စည်းများကို နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ ဘေးသင့်လူဦးရေအချိုးဖြင့် ဖြန့်ခွဲပေးပို့ခဲ့ပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၃ သို့ ◯



နိုင်ငံတကာမှလှူဒါန်းသည့်ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်း။



နိုင်ငံတကာမှလှူဒါန်းသည့်ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်း။



နိုင်ငံတကာမှလှူဒါန်းသည့်ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်း။




AHA Centre မှ ပေးပို့သည့်ပစ္စည်းများရောက်ရှိမှုမှတ်တမ်း။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်း။



မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံတကာမှလှူဒါန်းသည့် မိုးကာတဲများ စီစဉ်ဆောင်ရွက်ထားရှိမှုမှတ်တမ်း။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်း။



နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်း။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အင်းလေးဒေသရှိ အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ အခြေခံပညာမူလတန်းကျောင်း(ရေှ့ဝကြီး)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(အိုင့်ထောင့်ကြီး)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(ကေလာ)၊ အခြေခံပညာမူလတန်းကျောင်း(ဇရပ်ကြီး)၊ အခြေခံပညာမူလတန်းကျောင်း(ကြာတော)၊ အခြေခံပညာမူလတန်းကျောင်း(ပေါက်ပါး)ကျောင်းများသို့သွားရောက်၍ မတ် ၂၈ ရက်က ပြင်းထန်စွာလှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကျောင်းဆောင်၊ စာသင်ဆောင်၊ အဆောက်အအုံများနှင့် ဖွင့်လကျောင်းဖွင့်အမီ ယာယီကျောင်းဆောင် တည်ဆောက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် အခြေခံပညာကျောင်းများပြန်လည်ပြုပြင်ရေး၊ ယာယီကျောင်းဆောင်ဆောက်လုပ်ရေးနှင့် အသစ်တည်ဆောက်ရေးတို့ကို အလျင်အမြန် ဆောင်ရွက်လျက်ရှိရာ မိမိတို့ဒေသရှိ အခြေခံပညာကျောင်းများ ယခင်အခြေအနေထက် ပိုမိုကောင်းမွန်စေရေးအတွက် စုပေါင်းညီညာစွာဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကျောင်းဆောင်များ ပြုပြင်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သတ်မှတ်အရည်အသွေးများနှင့်ပြည့်မီရေး၊ နည်းစနစ်ကောင်းမွန်စွာဖြင့် ဆောင်ရွက်ရေးအတွက် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် လာမည့်ပညာသင်ကာလအမီ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေကိုလိုက်၍ အသေးစားပြင်ဆင်ခြင်း၊ အကြီးစားပြင်ဆင်ခြင်းနှင့် ပြန်လည်အသုံးမပြုနိုင်တော့သည့်အဆောက်အအုံကို ဖြိုချရှင်းလင်းပြီး အသစ်ပြန်လည်တည်ဆောက်ခြင်း၊ ယာယီစာသင်ဆောင် တည်ဆောက်ပေးခြင်းတို့ကို အလျင်အမြန်ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံ၏ အနာဂတ်အတွက် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာနေရာဌာနများဖြစ်သည့် စာသင်ကျောင်းများကို သဘာဝဘေးအန္တရာယ်အမျိုးမျိုး ခံနိုင်ရည်ရှိသည့် အဆောက်အအုံဖြစ်အောင် တည်ဆောက်ကြစေလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိုးကြိုကာလဖြစ်၍ မိုးလေဝသများ သတိထားကြရန်၊ ကျန်းမာရေးဂရုစိုက်ကြရန်နှင့် ကျောင်းအဆောက်အအုံများနှင့် ကျောင်းသားကျောင်းသူ ကလေးငယ်များအား သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့မှ ကာကွယ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ၊ လေ့ကျင့်မှုများ၊ အသိပညာပေးမှုများ ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ လာမည့်ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေရေးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ငလျင်ဒဏ်သင့် ပညာရေးဝန်ထမ်း ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြား၍ ထောက်ပံ့ငွေပေးအပ်ကာ ကျောင်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(ရွှေညောင်)နှင့် အခြေခံပညာအထက်တန်းကျောင်း(ရွှေညောင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(ရွှေညောင်)တွင် ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာသင်တန်း(Dip.EP) တက်ရောက်နေကြသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်သင့်ရုံးများအား လိုက်လံကြည့်ရှု စစ်ဆေး

**နေပြည်တော် မေ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်မှုရှိခဲ့သော မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးသို့ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးကာ မိမိဝန်ကြီးဌာန၏ တိုင်း၊ ခရိုင်၊ မြို့နယ် အင်ဂျင်နီယာများပါဝင်သော အကြိုစစ်ဆေးရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်း၍ ရုံးအဆောက်အအုံများ၏ Horizontal Alignment၊ Vertical Alignment၊ Structural Member အချို့နှင့် Non–Structure များ ကြွခိုင်မှုအခြေအနေ တိုင်းတာစစ်ဆေးမှုများကို အမြန်ဆောင်ရွက်ပေးရန်၊ အတက်အဆင်းလှေကား နိမ့်ကျနေမှုကို စစ်ဆေးပြုပြင်ရန်၊ မျက်နှာကြက်များ ပြန်လည်တပ်ဆင်ပေးသွားရန်နှင့် ရေထွက်နည်းသွားသော ရုံးပိုင်စက်ရေတွင်းအား တွင်းဆေးတွင်းမှုတ် ပြန်လည်ပြုလုပ်ပေးရန် မှာကြားသည်။

ထို့နောက် ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ငလျင်ဒဏ်သင့်ဒေသများမှ ပြည်သူများအတွက် နိုင်ငံတော်က ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများ၊ ဝန်ထမ်းများအတွက် မိမိတို့ဝန်ကြီးဌာန၏ ပံ့ပိုးဆောင်ရွက်ပေးမှုများကို ရှင်းလင်းပြောကြားကာ ရုံးဖွင့်လှစ်မှု၊ ဝန်ထမ်းမိသားစုများနေထိုင်မှုတို့နှင့်စပ်လျဉ်း၍ အခက်အခဲရှိ၊ မရှိ မေးမြန်းပြီး အားပေးစကားများ ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးသို့ သွားရောက်၍ သန့်စင်ခန်းနှင့်တွဲလျက် အုတ်နံရံပျက်စီးနေမှုကို အမြန်ပြုပြင်ဆောင်ရွက်ပေးရေး၊ အကြိုစစ်ဆေးမှုများ ပြုလုပ်ပြီးပါက လတ်တလောပြင်ဆင်ရမည့် လုပ်ငန်းများအား ဦးစားပေးပြင်ဆင် ဆောင်ရွက်သွားရေး မှာကြားသည်။



### တိုက်တွန်းမှာကြား

ထို့နောက် ဒုတိယဝန်ကြီးသည် ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးနှင့် မြို့နယ်သမဝါယမအသင်းစုရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ပြိုကျသွားသော ခြံစည်းရိုး ၄၈ ပေနှင့် ထိခိုက်မှုရှိသွားသော အဆောက်အအုံနံရံများပြန်လည်ပြုပြင်ရေး မှာကြားပြီး ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ မကြာမီ စိုက်ပျိုးရာသီရောက်လာမည်ဖြစ်၍ စိုက်ပျိုးရေး သမဝါယမအသင်းများအနေဖြင့် မိုးစပါး၊ မိုးဝါ၊ ဆီထွက်သီးနှံမိုးမြေပဲတို့ကို ပန်းတိုင်အထွက်နှုန်းရရှိအောင် တာဝန်ရှိသူများက ကြပ်မတ် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

### ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ မိတ္ထီလာမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်ပြီး ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများ၊ သင်တန်းသားသင်တန်းသူ အိပ်ဆောင်များ လိုက်လံ ကြည့်ရှုစစ်ဆေး၍ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများအား ညှိနှိုင်းမှာကြားသည်။

ယင်းနောက် ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး ချည်မျှင်နှင့်အထည်အလိပ် ကျွမ်းကျင်သူ တစ်နှစ်သင်တန်း၊ လက်ရက်ကန်းခြောက်လသင်တန်း တက်ရောက်နေကြသော သင်တန်းသားသင်တန်းသူများ၏ စက်ရက်ကန်းနှင့် လက်ရက်ကန်း လက်တွေ့သင်ယူနေမှုများ၊ ပန်းပုံရိုက်ပညာ (Eco printing) သင်ယူနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောက်ဆည်မြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ယာယီခရိုင်ရုံးသို့ သွားရောက်၍ မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ ဆက်လက်ပြီး သမဝါယမဦးစီးဌာန၏ ယာယီရုံး ဖွင့်လှစ်ထားသောနေရာသို့လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ ယာယီရုံး တည်ဆောက်ဖွင့်လှစ်မည့်နေရာသို့ လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ရုံးသို့ သွားရောက်ပြီး ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်ပြီး ဝန်ကြီးဌာနအောက် ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မန္တလေးမြို့သို့ သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံး၏ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လတ်တလောပြန်လည်ပြုပြင်ရမည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ညှိနှိုင်းမှာကြားသည်။ ယင်းနောက် ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန တိုင်းဦးစီးမှူးရုံးသို့ သွားရောက်၍ ထိခိုက်ပျက်စီးမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးကာ ဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် သမဝါယမကောလိပ် (မန္တလေး)သို့ သွားရောက်ပြီး ပင်မဆောင် ထိခိုက်ပျက်စီးမှု အခြေအနေ၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် သမဝါယမကောလိပ် စာကြည့်တိုက်တွင် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၏ ခရီးစဉ်လမ်းညွှန်ချက်အရ Life Straw သောက်ရေသန့်စက်နှစ်လုံးအား ကျောင်းသားကျောင်းသူများ အသုံးပြုရန်အတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးလျှောင်ကြီးကြောင့် အသက်ခန္ဓာဆုံးရှုံးသွားသော သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ပြည်သူများအတွက် ရည်စူး၍ တစ်လပြည့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် လျှောင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၂၈**

လက်ချင်းယှက်၍ ဖေးမကူညီအဖွဲ့က မန္တလေးလျှောင်ကြီးကြောင့် အသက်ခန္ဓာဆုံးရှုံးသွားသော သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ပြည်သူများအတွက်ရည်စူး၍ တစ်လပြည့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် လျှောင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော မဟာဓမ္မိကာရာမအုန်းတောပရိယတ္တိ စာသင်တိုက်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ အဆိုပါ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်တိုင်း သံဃနာယကအကျိုးတော်ဆောင် ဥပ္ပါတသန္တိ စေတီတော် ဩဝါဒါစရိယ အုန်းတောပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ ဒေါ်ခင်မာဦးမိသားစု ဦးဆောင်သော လက်ချင်းယှက်၍ ဖေးမကူညီအဖွဲ့ဝင် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

နံနက်ပိုင်းတွင် စေတနာရှင်ပြည်သူများက မန္တလေးလျှောင်ကြီးကြောင့် အသက်ခန္ဓာဆုံးရှုံးသွားသော သံဃာတော် အရှင်သူမြတ်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ပြည်သူများအတွက်ရည်စူး၍ အုန်းတောပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တတိသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ် လှူဒါန်းကြပြီး လျှောင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော မဟာဓမ္မိကာရာမ အုန်းတောပရိယတ္တိစာသင်တိုက်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေး အလှူငွေကျပ် ၉၇ သိန်း ၅သောင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် ဒါယကာ ဒါယိကာမများက အုန်းတောပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တတိသထံမှ သာဓုအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် လက်ချင်းယှက်၍ ဖေးမကူညီအဖွဲ့ဝင် စေတနာရှင်ပြည်သူများသည် နေပြည်တော်အတွင်းရှိ လျှောင်ဘေးဒဏ်သင့် ပြည်သူများနှင့် ပေါင်းလောင်းအားကစားကွင်းရှိ ယာယီဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား မနက်စာအာဟာရ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးအတွင်း ပျံလွန်တော်မူခဲ့သော သံဃာတော်များ၊ လူပုဂ္ဂိုလ်များအတွက် ရည်စူး၍ ချမ်းအေးသာစံမြို့နယ် ပရိယတ္တိသာသနာဟိတ အသင်းအတွင်း လလည်ဆွမ်းကပ် ပရိတ်တရားပွဲ ကျင်းပ

**ချမ်းအေးသာစံ မေ ၂၈**

ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက် ၈၅လမ်း၊ ၃၄x၃၅ လမ်းကြားရှိ ပရိယတ္တိသာသနာဟိတအသင်းတွင် သာသနာပိုင် တောင်ခွင်မင်းကြီးတိုက် ရှမ်းပွဲဇေတဝန်ကျောင်းအတွင်းရှိ (ဖေးကူလက်များ) လူမှုကူညီရေးအသင်း၏ နာယက ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ ဦးဆောင်၍ လလည်ဆွမ်းကပ် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ခြင်းကို မေ ၂၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

သဘာဝဘေးအတွင်း ပျံလွန်တော်မူခဲ့သော သံဃာတော်များ၊ လူပုဂ္ဂိုလ်များအတွက် ရည်စူး၍ ပရိတ်တရားနာအခမ်းအနား ကျင်းပရာ ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ၊ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန္တလေးတောင်ခြေရှိ သန္တိသုခ ငြိမ်းချမ်းရေးကျောင်းမှ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာဝေပုလ္လတို့ အမှူးပြုသည့် ပင့်သံဃာအပါး ၂၀ တို့ဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့သည်။

သန္တိသုခငြိမ်းချမ်းရေးကျောင်း ဆရာတော် ဘဒ္ဒန္တ ဒေါက်တာဝေပုလ္လက ကြွရောက်လာကြသော တရားနာပရိသတ်များအား ငါးပါးသီလချီးမြှင့်၍ မန္တလေးလျှောင်ကြီးကြောင့် ပျံလွန်တော်မူခဲ့သောစာဖြေ သံဃာတော်များ၊ လူပုဂ္ဂိုလ်များအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။ ထို့နောက် လူမှုကူညီရေး အသင်းသူ အသင်းသားများက သံဃာတော်များအတွက် လှူဖွယ်ပစ္စည်းများ လှူဒါန်းကြပြီး နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**



# ဝေါမြို့နယ်၌ သာသနဓဇဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏာပူဇာမင်္ဂလာ ဂုဏ်ပြုပွဲကျင်းပ

**ဝေါ မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်၌ သာသနဓဇ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော်အရှင်ခေမာစာရအား ဂုဏာပူဇာမင်္ဂလာ ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ဝေါမြို့ သီရိမင်္ဂလာမြို့ဦး ကျောင်းတိုက်၌ ကျင်းပသည်။

**ဘွဲ့တံဆိပ်တော် ဆက်ကပ်**

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပေးပြီး ဆရာတော် အရှင်ခေမာစာရက ငါးပါးသီလတရားတော် ချီးမြှင့်ပေးကာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းက ဆရာတော်အား သာသနဓဇ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဆရာတော် ဦးပညာသီရိ (ရန်ကုန်) က ထုတိထောမနာ ဂါထာဖြင့် ရွတ်ဖတ်ပူဇော်ပြီး ဝေါမြို့ မြသာလျှောင်း ဆရာတော်က ဘွဲ့တံဆိပ်တော်ရ ဆရာတော်၏ ထေရုပ္ပတ္တိကို ဖတ်ကြားပေးသည်။

ထို့နောက် ကြွရောက်လာသည့် ဒါယကာ ဒါယိကာမများအား ဆရာတော် အရှင်ခေမာစာရ (သာသနဓဇ ဓမ္မာစရိယ)က သာဓုမောဒနာ ရေစက်ချ တရားချီးမြှင့်ပေးပြီး၊ အခမ်းအနားအား ဗုဒ္ဓသာသနံ စိရတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**စိုးမိုး(ပြန်/ဆက်)**



# မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သံသရာအေး လေးကျွန်းမာရ်အောင်ဆုတောင်းပြည့်စေတီ ပျက်စီးမှုများဖယ်ရှားဆောင်ရွက်

**တပ်ကုန်း မေ ၂၈**

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျားသေအိုင်ကျေးရွာ သာသနာ့ဝေပုလ္လဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း သံသရာအေး လေးကျွန်းမာရ်အောင် ဆုတောင်းပြည့်စေတီ အပျက်အစီးများ ဖယ်ရှားခြင်းကို မေ ၂၆ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော် ဦးဆောင်၍ ဒုတိယမီးသတ်စခန်းမှူး ဦးသော်ခန့်ဝေနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေလျှောင်ကြီးကြောင့် သံသရာအေး လေးကျွန်းမာရ်အောင် ဆုတောင်းပြည့်စေတီ ထိခိုက်ပျက်စီးခဲ့သည်များဖယ်ရှားခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များ နေရာရွှေ့ပြောင်းပင့်ဆောင်ပေးခြင်းနှင့် လိုအပ်သည်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူနှင့် အဖွဲ့ဝင်များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီး မှတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦး ပုညရှင်စေတီ၌ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဉာဏိဿရ အမှူးပြုသော သံဃာတော်များက ငလျင်ဒဏ်ကြောင့် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များအတွက် တစ်လပြည့်ရည်စူး ကုသိုလ်အမျှအတန်းပေးဝေပွဲကို ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တက်ရောက်လာကြသူများက မော်လမြိုင်မြို့ မြစေတီရဲကျောင်း ပရိယတ္တိစာသင်တိုက်မှ ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဝိနယပါဠိပါရဂူ အဘိဓဇအဂ္ဂမဟာ မင်္ဂလဓမ္မဇောတိက ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မော်လမြိုင်မြို့ မဟာမြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ပ-သုံးလုံး သာသနာပြုဟိတရေ မဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးကိုယ်စား ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဗဟို) အတွင်းရေးမှူး-၁ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် မင်္ဂလဓမ္မဇောတိကဓဇ ဦးမြတ်မင်းက ဝမ်းမြောက်ကြောင်းစကား လျှောက်တင်ပြီး နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဉာဏိဿရထံမှ သံဝေဂ တရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်ပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ရတနသုတ်၊ မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ ဥမင်သုံးဆယ်စေတီ၊ ဥမင်ကိုးဆယ်စေတီ၊ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင် မြတ်စွာဘုရား၊ နန်းဦးမြို့သစ်ရှိ မဟာလု စေတီနှင့် မရှိခဏစေတီများတွင် အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုများကို သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ငလျင်ဘေးကြောင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ သေဆုံးသူများ၏ မိသားစုများအား ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့် အားကစားခန်းမတွင်ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ စစ်ကိုင်း တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ခရိုင်/မြို့နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ငလျင်ဘေးကြောင့် သေဆုံးသွားသောမိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ငလျင်ဘေးကြောင့်သေဆုံးသူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ခန့် ငြိမ်သက်ပေးကြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက ငလျင်ဘေးကြောင့် သေဆုံးသူများ၏ မိသားစုဝင်များအား အားပေးစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ငလျင်ဘေးကြောင့် သေဆုံးသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥက္ကဋ္ဌထံသို့ ထောက်ပံ့ငွေကျပ် သိန်း ၅၄၆၀ (၅၄၆ ဦး X ၁၀)လွှဲပြောင်းပေးအပ်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက ငလျင်ဘေးကြောင့် သေဆုံးသွားသော မိသားစုဝင်များအား တစ်ဦးချင်း ထောက်ပံ့ပေးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက ပါရမီရပ်ကွက်ရှိ မဟာစည်းခုံကြီးစေတီအတွင်း ငလျင်ဒဏ်သင့် ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်းတွင် ထောက်ပံ့ပစ္စည်းများပေးဝေနေမှုကိုကြည့်ရှုအားပေးကြသည်။ ထို့နောက် ပန်းပဲတန်းရပ်ကွက်နှင့် မင်းလမ်းရပ်ကွက်ရှိ လူနေအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်တို့သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည့် ငလျင်ဘေး အန္တရာယ်ကြောင့် တိုင်းဒေသကြီးအတွင်း သေဆုံးသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေ ပေးအပ်ခြင်းနှင့် လတ်တလော စားသောက်ရေး အဆင်ပြေစေရန် တစ်လစာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ ထောက်ပံ့ငွေ ပေးအပ်ပွဲသို့ တက်ရောက်၍ အခမ်းအနားမစတင်မီ အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခဲ့ကြသည်။ ထို့နောက် အခမ်းအနားသို့တက်ရောက်လာသော သေဆုံးသူများ၏ မိသားစုဝင်များအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ငွေကျပ် ၁၀ သိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ် ငါးသိန်းနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက ငွေကျပ် သုံးသိန်း နှုန်းဖြင့် သေဆုံးသူတစ်ဦးလျှင် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၈ သိန်းနှုန်းဖြင့် သေဆုံးသူ ၂၁၅၂ ဦး အတွက်ငွေကျပ် ၃၈၇၃၆၀၀၀၀၀ နှင့် နိုင်ငံတော်က မန္တလေးတိုင်း ဒေသကြီးအတွင်း ငလျင်ဘေး သင့်သူ ၁၃၇၀၈၁ ဦးတို့အတွက် လတ်တလော စားသောက်ရေး အဆင်ပြေစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ တစ်လစာအတွက် ထောက်ပံ့ငွေကျပ် ၇၂၅၉၉၇၉၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အောင်မြေသာစံ မြို့နယ် ဥပုသ်တော်ရပ်ကွက် စိတ္တသုခကျောင်း၌ စိတ္တသုခကျောင်း ဆရာတော် ဘဒ္ဒန္တကုလနန္ဒက အားအမှူးထား၍ ခုနစ်ရက်သားသမီးတို့၏ ကုသိုလ်ကောင်းမှုအစုစုတို့ဖြင့် သံဃာတော်များအား ပင့်ဖိတ်၍ကျင်းပပြုလုပ်အပ်သော ငလျင်ဘေးဒဏ်ကြောင့် ဘဝတစ်ပါး၊ ဘုံတစ်ပါးသို့ ကူးပြောင်းကွယ်လွန်ပြီးဖြစ်သော ဆွေတော်မျိုးတော်အပေါင်းတို့အား ဖြစ်လေရာဘုံဌာနတို့၌ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အဖြာဖြာတို့ ရရှိခံစားနိုင်ရန် စိတ်ရည်သန်၍ မတကဘတ္တ ကုသိုလ်ပြု အမျှပေးဝေပွဲသို့ တက်ရောက်၍ အလှူရှင်များနှင့်အတူ ကြွရောက်လာသော ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ငါးပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ် လှူဒါန်းကြသည်။

၎င်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ၍ ခုနစ်ရက်သားသမီး အပေါင်းတို့အား အမျှအတန်း ပေးဝေခြင်းနှင့် အနုမောဒနာတရား နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် သင်ခန်းစာများ ပြန်လည် သင်ကြားလေ့ကျင့်နေသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အဖွဲ့က မန္တလေးမြို့ နန်းမြို့ရိုးသို့ ရောက်ရှိပြီး ကျုံးပတ်လည်တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီးစီးမှုများကိုလည်းကောင်း၊ ကျုံး၏ အရှေ့ဘက်ရှိ ရတနာပုံဥယျာဉ် ပြန်လည်ပြုပြင် ထိန်းသိမ်းနေမှုအခြေအနေများကိုလည်းကောင်း၊ ကျုံး၏တောင်ဘက်ရှိ ကျွန်းလုံးယူတံခါး ပြိုကျပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းနေပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးဆုံးရှုံးမှု မရှိအောင် ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းခွင်အန္တရာယ် မရှိစေရေး စနစ်တကျ ပြုလုပ်

စာမျက်နှာ ၁၇ သို့ »»



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီ၌ ငလျင်ဒဏ်ကြောင့် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များအတွက် တစ်လပြည့်ရည်စူး ကုသိုလ်အမျှအတန်းပေးဝေပွဲသို့ တက်ရောက်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မာနိတာရာမပရိယတ္တိစာသင်တိုက်မှ ဆရာတော်တစ်ပါးအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြေလျှင်ကြီးကြောင့် တိုင်းဒေသကြီးအတွင်း သေဆုံးသူများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာရှိ POWERGEN KYAUKSE သဘာဝဓာတ်ငွေ့အင်ဂျင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၁၆ မှ

ဆောင်ရွက်သွားရန်၊ ရှေးဟောင်းလက်ရာများ ပါရှိသည့်အတွက် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်သည့်အခါ မူလပုံစံအတိုင်း ရှေးမှုလက်ရာမပျက် တည်ဆောက်ရမည်ဖြစ်ပြီး ပြန်လည်သုံးစွဲ၍ ရသည့် ရှေးဟောင်းလက်ရာ ပစ္စည်းများကို ထည့်သွင်းသုံးစွဲရမည်ဖြစ်သည့်အတွက် ပျက်စီးသွားသော အဆောက်အအုံများမှ ဆယ်တင်နိုင်သည့် ပစ္စည်းများကို ဆယ်တင်၍ စနစ်တကျ စာရင်းပြုစု ထိန်းသိမ်းထားရှိရန်၊ အပျက်အစီးများကို စနစ်တကျ စွန့်ပစ်သွားရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ တောင်မင်းကြီး မြတ်စွာဘုရား၊ မဟာဂန္ဓာရုံ ကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မာနိတာရာမ ပရိယတ္တိစာသင်တိုက် နေရာတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရား၊ စေတီ၊ ပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးကာ ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သန့်ရှင်းရေး ဆောင်ရွက်နေသည့်အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ စက်မှုဝန်ကြီးဌာန ကျောက်ဆည်စက်ရုံများနယ်မြေရှိ REVA ကုမ္ပဏီက ငှားရမ်းဆောင်ရွက်သည့် ဖိနပ်စက်ရုံ၊ Keys Shine ကုမ္ပဏီက ငှားရမ်းဆောင်ရွက်သည့် အထည်ချုပ်စက်ရုံနှင့် စဉ့်ကိုင်မြို့နယ် ဈေးတန်းကျေးရွာမှ တမာပိုးသတ်ဆေးစက်ရုံတို့သို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများ ရပ်တန့်ခဲ့ရာမှ ယခုအခါ ပြုပြင်ပြီး လုပ်ငန်းများ ပြန်လည် လည်ပတ်နေမှုများကို သွားရောက်စစ်ဆေးခဲ့ပြီး ပြည်ပဝင်ငွေတိုးမြှင့်ရရှိရေး၊ ဝန်ထမ်းများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး တို့အတွက် ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် ရှမ်းကန်ကျေးရွာအုပ်စု ရှမ်းကန်(မ)ကျေးရွာရှိ M-Steel သံရည်ကျိုစက်ရုံသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စက်ရုံများပြုပြင်ပြီး ပြန်လည် လည်ပတ်၍ XRB 400 သံချောင်းများ ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကာ ငလျင်ဒဏ်သင့် ဒေသများအား ဦးစားပေးရောင်းချပေးနိုင်ရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် စဉ့်ကိုင်မြို့နယ် တောင်ရင်း ကျေးရွာအုပ်စု တောင်ရင်းကျေးရွာရှိ POWERGEN KYAUKSE သဘာဝဓာတ်ငွေ့ အင်ဂျင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်စက်ပစ္စည်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အင်ဂျင်အမှတ်(၁)နှင့် အမှတ်(၂)မူလနေရာသို့ ပြန်လည်ရွှေ့ပြောင်းပြီးစီးမှု အခြေအနေများ၊ အင်ဂျင်အမှတ်(၃)နှင့် (၄) မူလနေရာသို့ ပြောင်းရွှေ့နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စက်များအားလုံး ပြုပြင်ပြီးပါက တစ်ရက်လျှင် ယူနစ်သန်းပေါင်း ၃ ဒသမ ၅ သန်း နိုင်ငံတော်သို့ ပေးသွင်းနိုင်မည်ဖြစ်သဖြင့် မေလအလယ်တွင် စတင်လည်ပတ်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါ်နုမြဲ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရား၊ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်တို့သို့ ကွင်းဆင်းစစ်ဆေး

**မန္တလေး မေ ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားနှင့် ရင်ပြင်ပေါ်ရှိ ထိခိုက်ပျက်စီးခဲ့သောနေရာများ၊ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်၊ မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်သို့ ကွင်းဆင်းစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများသည် မဟာမုနိဘုရားသို့ရောက်ရှိရာ မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တန်ဆောင်း၊ မုခ်ဦး ပြုပြင်ထိန်းသိမ်းမှုများကို မဟာမုနိဘုရားဂေါပက ဥက္ကဋ္ဌနှင့်အဖွဲ့က ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မဟာမုနိဘုရားရုပ်ပွားတော်အား ငလျင်ဒဏ်ခံနိုင်ရေးအတွက် အများပြည်သူအား ဆက်လက်ရွှေချခြင်း မပြုစေဘဲ ရုပ်ပွားတော်ရှိ အဆင်တန်ဆာများအား ဝန်ပေါ့အောင် စနစ်တကျဖြုတ်သိမ်း၍ မှတ်တမ်းတင်ထားရှိရန်၊ မလိုအပ်သော အဆင်တန်ဆာများကို ပြခန်းတွင် ပြသထားရှိသွားရန်၊ အနောက်ဘက်မုခ်နှင့် တောင်ဘက်မုခ်ရှိ ထိခိုက်ပျက်စီးခဲ့သော နံရံပန်းချီများ မူလအစိတ်အပိုင်းကို ရနိုင်သလောက် ပြန်ဆက်ရန်၊ နဂိုရှိရင်း နံရံဆေးရေးပန်းချီမှတ်တမ်းဓာတ်ပုံများနှင့် တိုက်ဆိုင်စစ်ဆေးပြီး နံရံပန်းချီ အပိုင်းအစများကို မူလပုံစံအတိုင်းရရှိအောင်ပြန်လည်ဆောင်ရွက်သွားရန်၊ နံရံပန်းချီထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်အလိုက်၊ အသုံးပြုမည့် ဆေးအမျိုးအစား၊ ဦးစားပေးဆောင်ရွက် မည့်နေရာ စသည်တို့ပါဝင်သော စီမံချက်ရေးဆွဲဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မဟာမုနိဘုရားရှိ ကြေးရုပ်ပြတိုက်မှ လဲသွားသောအရုပ်ကို ပြန်လည်တည့်မတ်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ကွဲအက်သွားသော ဗဒ္ဒံမင်းကောင်းမှုတော် ခေါင်းလောင်းကို ပြန်လည်ပြုပြင်ရန်ကိစ္စနှင့် ပတ်သက်၍လည်းကောင်း လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လမ်း ၈၀၊ ၂၄ x ၂၅ လမ်းကြားရှိ မန္တလေးယဉ်ကျေးမှုပြတိုက်သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြသပစ္စည်းများနှင့် ပြန်လည်ပြုပြင်ထားသည့် မှတ်တမ်းဓာတ်ပုံများ နှိုင်းယှဉ်၍ မှတ်တမ်းအဖြစ်ပြသသွားရန်နှင့် စာကြည့်တိုက်ရှိ သတင်းစာများကို နှစ်အလိုက် စာအုပ်ချုပ်၍ သိမ်းဆည်းသွားရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုနည်းခြင်းသည် ခင်းကျင်းပြသရာတွင် မူလကပင် ငလျင်ဒဏ်ခံနိုင်အောင် ဆောင်ရွက်ခဲ့၍ နောင်တွင်မည်သည့်ပြတိုက်မဆို အလားတူ ငလျင်ဒဏ်ခံနိုင်အောင် ခင်းကျင်းရေး ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၅ ဦးကို ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသားသုံးဦးအား ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်




နေပြည်တော် မေ ၂၈

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မင်းလက်ပံ၊ မဲ့ထော်သလေးနှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၅ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသားသုံးဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များတွင် လိုအပ်သည့် ကိုယ်ရေးအချက်အလက် အထောက်အထားများနှင့် စာရင်းဇယားများ ပြည့်စုံမှန်ကန်ကိုက်ညီမှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ယူဂန္ဒာသံအမတ်ကြီး အမ်ဘဆဒါ H.E. Ms. Betty O. Bigombe နှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ဇင်ဘာဘွေသံအမတ်ကြီး Minister Counsellor Ms. Tsitsi Kangai – Kasirowori နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ First Secretary Ms. Nguyen Thi Kim Chung နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံး First Secretary Mr. Fahd Saleem နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ မဲ့ထော်သလေး (KK Park) နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် အင်ဒိုနီးရှားနိုင်ငံသားသုံးဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၃ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ၇၅၆၇ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၄၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်မှ ယနေ့အထိ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၉၀၄၃ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဒာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်လ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘက်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ ကာဂျစ္စတန်၊ နမီးဘီးယား၊ မာဒါဂတ်စကား၊ ရိုမေးနီးယား၊ လိုက်ဘေးရီးယား၊ ရုရှား၊ ဖိလစ်ပိုင်၊ ဇင်ဘာဘွေ၊ မာလာဝီ၊ ဆီယာရာလီယွန်၊ ဘူရွန်ဒီနှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး ထပ်မံ၍ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများအား စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

❖ ကျောဖုံးမှ

နံနက် ၇ နာရီ ၂၆ မိနစ်တွင် ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အစုန်လမ်း၏ အရှေ့ဘက်သံလမ်း နှစ်ပေခန့် ပြတ်ထွက်ခြင်း၊ အနောက်ဘက်သံလမ်း ၁၅ ပေခန့် ကွေးကောက်၍ လမ်းခင်းကျောက်နှင့် ကွန်ကရစ်ဇလီဖားတုံးအချို့ ပျက်စီးခြင်းတို့အပြင် အခင်းဖြစ်ပွားရာ နေရာအနီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးအား ထပ်မံတွေ့ရှိရသည်။

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းအားအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာအကြား အစုန်လမ်း၏ သံလမ်းအားလဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကိုဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၂ နာရီ ၃၈ မိနစ်တွင် အဆိုပါလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်၍ ရထားများပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

## ပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိ

အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ယနေ့နံနက်က ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသော အမှတ်(၁၁) အဆန်အမြန်ရထားနှင့် အမှတ်(၇)အဆန် DEMU အမြန်ရထားတို့အား ညောင်လေးပင်ဘူတာ၌ အသီးသီးရောက်ရှိ ရပ်တန့်ထားခဲ့ရပြီး လမ်းပိုင်းစစ်ဆေးပြုပြင်ပြီးစီး၍ နံနက် ၈ နာရီ ၅၇ မိနစ်မှသာ ပြန်လည်ထွက်ခွာပေးနိုင်ခဲ့သဖြင့် လူစီးရထားများ ၁ နာရီခန့်စီ ကြန့်ကြာ



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာအကြား အစုန်ရထားလမ်းပေါ်၌ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးကို ထပ်မံတွေ့ရစဉ်။



အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ၈၁ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ၁၇၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။



အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီး RGC ဖြင့် စမ်းသပ်ဖြတ်သန်းနေမှုကို တွေ့ရစဉ်။

## စီမံဆောင်ရွက်ပေးလျက်ရှိ

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်နယ်များ၌ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၈**

ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများ ဖြစ်လာစေရန်၊ လက်တွေ့ အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အတတ်ပညာများ တိုးပွားစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ် အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌ အင်္ဂလိပ်သဒ္ဒါ/ စကားပြောသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ မြန်မာသိုင်းသင်တန်းများ စသည်ဖြင့် ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။



ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ ဧရာဝတီခန်းမ၌ လည်းကောင်း အသီးသီး ဖွင့်လှစ်ရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးများက နွေရာသီသင်တန်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်ပြီး ဆရာ ဆရာမများ၊ နည်းပြများနှင့် သင်တန်းသား ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များ၌လည်း အဆိုပါ နွေရာသီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဧပြီ ၂၈**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီး ရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့် လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့် လည်းကောင်း ယနေ့ညနေမှ မေ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး ဧရာဝတီတိုင်းဒေသကြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

၂၉-၄-၂၀၂၅ ရက်နေ့မှ ၃၀-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၁-၅-၂၀၂၅ ရက်နေ့မှ ၂-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၃-၅-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၂၈**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ်ရှိ စက်ပစ်ကွင်း၌ ပြုလုပ်ရာ တောင်ငူလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် စွမ်းလှိုင်မင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။



ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ဌာနချုပ်မှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနချုပ်မှူးက မိုးပျံပူဖောင်းအား သေနတ်ဖြင့် ပစ်ဖောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲပထမနေ့ ပွဲစဉ်များဖြစ်သည့် အမျိုးသား ပစ္စတိုပွဲစဉ် (အမြန်နှင့်လျှပ်တစ်ပြက်)၊ အမျိုးသမီးကာဘိုင် ပွဲစဉ် (အနေအထားသုံးမျိုး)၊ အမျိုးသမီး ပစ္စတိုပွဲစဉ် (အမြန်နှင့်လျှပ်တစ်ပြက်) ပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကွပ်ကဲမှုအောက်ရှိ လေတပ်စခန်း ဌာနချုပ်များနှင့် လေတပ်စခန်း အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲတွင် ပစ္စတိုပစ်ခတ်စဉ် (အမျိုးသား၊ အမျိုးသမီး)၊ ကာဘိုင် ပစ်ခတ်စဉ် (အမျိုးသား၊အမျိုးသမီး)၊ ရိုင်ဖယ် ပစ်ခတ်စဉ်(အမျိုးသား)၊ စက်သေနတ်ပစ်ခတ်စဉ် (အမျိုးသား) စသည့် ပစ်ခတ်စဉ်များကို ဧပြီ ၂၈ ရက်မှ မေ ၂ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **လီဗာပူးမှ**

လီဗာပူးအသင်းနဲ့ စပါးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဧည့်သည်အဖြစ်လာရောက်ကစားခဲ့တဲ့ စပါးအသင်းက ပထမပိုင်းပွဲကစားချိန် ၁၂ မိနစ်မှာ ဆိုလန်ကီရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် လီဗာပူးအသင်းက ၁၆ မိနစ်မှာ ဒိုင်ယက်ဇ်၊ ၂၄ မိနစ်မှာ အယ်လစ်စတာ၊ ၃၄ မိနစ်မှာ ဂက်ပို၊ ၆၃ မိနစ်မှာ ဆာလာနဲ့ ၆၉ မိနစ်မှာ စပါးအသင်းကစားသမား အူဒီဂီရဲ့ ကိုယ့်ဂိုးကို သွင်းယူမိသလိုဖြစ်ခဲ့တဲ့ သွင်းဂိုးတွေကြောင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ပွဲစဉ် ၃၄ အပြီးမှာ ရမှတ် ၈၂ မှတ်ရရှိခဲ့ပြီး ပရီမီယာလိဂ်ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဖြစ်ခဲ့တာကြောင့် လက်ရှိအချိန်မှာ ပရီမီယာလိဂ်သမိုင်းတစ်လျှောက် ဆုဖလားအများဆုံးရရှိခဲ့တဲ့ မန်ယူအသင်းရဲ့ စံချိန်ကို လိုက်မီခဲ့ပြီလည်းဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ စပါးအသင်းကို အနိုင်ရရှိခဲ့ပြီး ရာသီမကုန်မီ ပရီမီယာလိဂ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပေမယ့် စပါးအသင်းကတော့ ပရီမီယာလိဂ် ပွဲစဉ်(၃၄)အပြီးမှာ ရမှတ် ၃၇ မှတ်သာ ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့် ၁၆ နေရာမှာ ရပ်တည်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံ ဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၂၉ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရသည်။



**ရောင်းချပေးသွားမည်**

မတ် ၃၀ ရက်မှ ဧပြီ ၂၈ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥဂ္ဂဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ တပ်ကုန်းမြို့နယ်ရှိ အမှတ်(၁)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ရုံးအမှတ်-၄၅၊ ရဲဌာနရုံးချုပ်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနရှိ ရုံးအမှတ်-၁၁ နှင့် ရုံးအမှတ်-၄၀၊ ညောင်ပင်သာရွာ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)နှင့် အမျိုးသားပြတိုက်၊ အမျိုးသားမှတ်တမ်းမော်ကွန်းတိုက် ဦးစီးဌာနနှင့် အမျိုးသား စာကြည့်တိုက်တို့ရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ပါ (မနော်သုခ-Export Quality) ၉၈၂၆ အိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၂၆၈ အိတ်၊ ဆီပိဿာ၂၈၅၂၀၊ ဆား ၁၄၇၉ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၅၁၉၉ ထုပ်၊ ငါးပိ ၂၆၇ ပိဿာ၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပွဲခြောက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးကြင်း ၄၅ ပိဿာ၊ ငါးတန်ပိဿာ ၄၀ ၊ ငါးမုတ် ပိဿာ ၃၀ နှင့် ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၈၈ အိတ်၊ စားအုန်းဆီ ၄၆၁၅ ပိဿာ၊ ဆား ၅၁ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၂၆၄ ဘူး၊ ငါးပိ ၁၆ ပိဿာ၊ ကြက်သွန်နီ ၅၃၈ ပိဿာ၊ အသားတု ၂၃ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနော်သုခ) ၅၆၄ အိတ်၊ စားအုန်းဆီပိဿာ ၅၂၈၀၀၊ ဆား ၅၁ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၈၄ ထုပ်၊ ငါးပိ ပိဿာ ၂၀၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ် ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်္ဂလာဒုံနှင့် ပြင်ဦးလွင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် အောင်မင်္ဂလာအဝေးပြေးကားဝင်းတွင် တင်မျိုးဦးမောင်းနှင်ပြီး နေလှိုင်မျိုး လိုက်ပါလာသည့် Toyota Caldina အငှားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၀ ကိုလည်းကောင်း။

ဧပြီ ၂၇ ရက် နံနက် ၈ နာရီ ၅ မိနစ်တွင် ပြင်ဦးလွင်မြို့နယ် ဘိုးနေဒွန်းကျေးရွာအုပ်စု ဘိုးနေဒွန်းကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ မမြင့်မြင့်စန်း(ခ) မိငယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇ ဒသမ ၂ သိန်း) သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၈ နာရီခွဲတွင် အဆိုပါနေရာအနီး၌ မနှင်းနှင်းအေးကိုစိတ်ကြွရူးသွပ်ဆေးပြား



၅၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၀၀) သိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့နောက် မွန်းလွဲ ၂ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ဝက်ဝံကျေးရွာအနီးတွင် လှိုင်မင်းစိုးမောင်းနှင်ပြီး မမို့မို့ဝင်းလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၇၅ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ (၆)ရပ်ကွက် (၁)လမ်းနေ မအိအိခင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၄)ရပ်ကွက် မီးဒုံးလမ်းနေ မမင်းမင်းဌေးတို့က ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်နေ မ---၊ ၂၁/၂၀၂၄ နှစ်အား တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားယူပါက ငွေကျပ် သိန်း ၇၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန်စီစဉ်ဆောင်ရွက်ခဲ့သဖြင့် ဘိုကလေးမြို့မရဲစခန်းမှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပါသည်။ ဖျာပုံခရိုင်တရားရုံးမှ ၂၀၂၅ ခုနှစ် ဧပြီ ၂၅ ရက်တွင် တရားခံ မအိအိခင်နှင့် မမင်းမင်းဌေးတို့ နှစ်ဦးအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရအလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဟသ်ာတမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



**ဟသ်ာတ ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ယနေ့နံနက်ပိုင်းက (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟသ်ာတခရိုင်မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန်ဦးဆောင်၍ ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဟသ်ာတမြို့ မြဝတီရပ်ကွက်နှင့် မြို့ပေါ်ရပ်ကွက်များတွင် မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်းစစ်ဆေးမှုများ၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဝေငှခြင်းများကိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

**၂၉-၄-၂၀၂၅ အင်္ဂါနေ့**

### MRTV HD

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တာသုတ်၊ ခန္ဓသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၄၀** ထိန်းသိမ်းစောင့်ရှောက်ကြရမည့် အပိုးတန် သယံဇာတများ
- **၀၉:၁၀** ထူးခြားစုံလင် အာရှပစိဖိတ် အစီအစဉ်
- **၀၉:၃၀** Sport Diary
- **၁၀:၃၅** ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပိသနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ
- **၁၃:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၁၈)
- **၁၃:၃၀** MRTV National News
- **၁၄:၄၅** မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
- **၁၅:၃၀** Weekly MNL Review
- **၁၆:၃၅** အင်အားပြင်းထန် မြေငလျင်ဒဏ်ကိုရင်ဆိုင်ကျော်လွှားပြီး ပိုမိုကောင်းမွန်သောအနာဂတ် နေ့ရက်များသို့ လျှောက်လှမ်းမည့် 'မြန်မာ'
- **၁၇:၁၀** ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- **၁၇:၃၀** မနောမြေက အိမ်အပြန်လက်ဆောင်
- **၁၈:၃၅** ပြည်ချစ်သားမွန်တေးသဝဏ်
- **၁၈:၄၅** သုတောင်းမေတ္တာ တေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ' (အပိုင်း-၁)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ပြည်ချစ်သားမွန်တေးသဝဏ်
- **၂၁:၁၀** သုတောင်းမေတ္တာ တေးကမ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'လှူစွမ်းကောင်းများခေတ်' (အပိုင်း-၁၂)
- **၂၂:၂၀** ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- **07:02** Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
- **10:00** Ancient Historical Kakku Pagod
- **07:20** Commercial Farming to GDP Growth, Jasmine Grower
- **07:38** Underwater Photographer
- **08:26** Balancing Conservation and Community Concerns
- **08:32** Frishery Products: Pickled Prawn Business
- **08:45** SEAVFC short VideoFestival
- **09:01** Introductory Programme of Literary Award Winners
- **09:25** Three Beautiful Islands

### Me

- **၀၆:၀၀** အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- **၀၆:၃၀** တိုင်းရင်းသားတေးသီချင်းအက(ကရင်)
- **၀၇:၀၀** မြန်မာသံစဉ်တေးများ
- **၀၇:၂၀** မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ကတားကွက်' (အပိုင်း-၂၆)
- **၀၇:၅၀** စတီရီယိုတေးများ
- **၀၈:၂၀** K POP Music Gallery (အပိုင်း-၁၄)
- **၀၈:၄၀** ဟိုတုန်းကရေဒီယိုဇာတ်လမ်းများ 'ချစ်းငြိမ့်မေတ္တာ'
- **၀၉:၃၀** ကာတွန်း 'တိရစ္ဆာန်မြို့တော်၏ ဇာတ်လမ်း' (အပိုင်း-၂၀)
- **၁၀:၀၅** မြန်မာရုပ်ရှင် (ဆေးရောင်စုံ) 'ခ၀်စိမ်းစိမ်းငနပါ့မယ်'

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
သဘာဝဖြစ်တည် တောင်ကွဲအလှရှိရာ ငွေတောင်ပြည်

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာအိမ်ကလေး

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
လှမ်းခဲ့ပါလေ ဒေါင်းဖြူမြေ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
မုန့်ပိုင်းတောင့် လုပ်စားကြရအောင်

**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)**
သင်ပယ်၊ ရေးမယ်တို့ ချင်းစာ (အပိုင်း-၂၀)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၂၀)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
အပန်းဖြေကြမည် သဘာဝကျောက်ပန်းချီကမ်းခြေဆီ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၁၂)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ဖူးပွင့်စုံညီ ပန်းလှရာသီ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
တန့်ယန်းမြို့အလှ

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မိသားစုအခေါ်အဝေါ်များ

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၉:၄၅** Save Our Planet Program
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၈:၁၅** Footbal Highlights
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အဝယ်ပလော့နဲ့'
- **၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ'
- **၁ :၃၀** ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၄၂)

### MRTV FARMERS' HD Channel

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၁၅** သုတပဒေသာ စိုက်ပျိုးနည်းပညာ
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၈:၂၀** Agriculture in India
- **၁၉:၁၀** Day in the Life of a Small Farm-2
- **၂၀:၀၀** လုတောသားနှင့်ယောက္ခမလောင်း (ဇာတ်လမ်း)
- **၂၂:၀၀** New year Blue (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD Channel

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက် လမ်းပြကြယ်
- **၀၆:၄၅** Sports Diary (Wrestling)
- **၁၇:၀၀** အားကစားသတင်း
- **၂၂:၀၀** Earthquake Football Rerun (Bago Donation Football Match)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော ပစ္စည်းများဝယ်ယူခြင်းနှင့် Transformer ပြုပြင်ခြင်းလုပ်ငန်းတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/လုပ်ငန်း အပ်နှံလိုပါသည်-

| စဉ် | တင်ဒါအမှတ် | D.D.P | တင်ဒါတင်သွင်းရမည့်နေ့ရက်နှင့်အချိန် |
|---|---|---|---|
| (က) | 001/DHPI/Fuel/2025–2026 | At Site | (၁၃-၅-၂၀၂၅)ရက်၊ (၁၂:၀၀)နာရီ |
| (ခ) | 002/DHPI/Cement/2025–2026 | At Site | (၁၃-၅-၂၀၂၅)ရက်၊ (၁၂:၀၀)နာရီ |
| (ဂ) | 003/DHPI/Deformed Bar/2025–2026 | At Site | (၁၃-၅-၂၀၂၅)ရက်၊ (၁၂:၀၀)နာရီ |
| (ဃ) | 004/DHPI/Transformer/2025–2026 | At Site | (၁၃-၅-၂၀၂၅)ရက်၊ (၁၂:၀၀)နာရီ |

၂။ **တင်ဒါရောင်းချမည့်ရက်** - (၂၈-၄-၂၀၂၅)ရက်မှ (၁၂-၅-၂၀၂၅)ရက်အထိ

၃။ **တင်ဒါရောင်းချမည့်အချိန်** - (၁၀:၀၀)နာရီမှ (၁၅:၃၀)နာရီအထိ

၄။ **တင်ဒါရောင်းချ/တင်သွင်းရမည့်နေရာ** - ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း- ၀၉ -၂၆၄၆၃၉၆၉၆ ၊ ၀၉ -၄၂၀၇၀၁၃၄၆**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/အနောက်)၊ မြေကွက်အမှတ်(၇၄၃)၊ (အလျား ၄၀ပေ x အနံ ၆၀ပေ) အကျယ်ရှိ ဧရိယာ(၀.၀၅၅)ဧက မြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆/အနောက်)ရပ်ကွက်၊ ဝေဇယန္တာ(၁၈) လမ်းအနောက်၊ အမှတ် (၇၄၃) ဟုခေါ်တွင်သော မြေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ရောင်းသူဖြစ်သော ဦးကျော်နိုင်ထူး [၁၀/သထန(နိုင်)၁၅၃၆၄၁]မှ အမည်ပေါက်ကြောင်း၊ ၎င်းမှ အထက်ပါမြေနှင့်အိမ်အပေါ် ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်သဇင်ထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၀၂)**
**အမှတ်(၉၆/၉၈)၊ အခန်း(၅/ဘီ)၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၁၅၉၁၈၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ ခတ္တာလမ်း၊ မြေကွက်အမှတ်(၂၃၀)၊ မြေအကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးခင်မောင်ဆွေ(ISN- ၅၅၄၅၂၁)[၁၂/အစန(နိုင်)၀၇၈၁၆၆]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးရန်ဖူးလုံး [၁၃/လရန(နိုင်)၀၀၂၄၀၁]**သည် **"နှစ်ဦးသဘောတူ အဆင့်ဆင့် အဆက်စပ် အရောင်းအဝယ် ကတိစာချုပ်များ"** ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** | **(စဉ်-၅၆၆၆၂)** |

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉ - ၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ ခတ္တာလမ်း၊ မြေကွက်အမှတ်(၂၂၉)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးလှမြင့် (ISN -၂၃၁၅၁၉)**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးရန်ဖူးလုံး [၁၃/လရန (နိုင်)၀၀၂၄၀၁]**သည်**"နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်များ"** ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** | **(စဉ်-၅၆၆၆၂)** |

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉ - ၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄-အိုင်-၁၊ မြေကွက်အမှတ်- ၂၄/ဘီ၊ ဧရိယာ(၀.၀၇၅၇)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်ဟုခေါ်တွင်သော အမှတ်(၂၄/ဘီ)၊ ပတ္တမြားလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ အကျယ်အဝန်း (၃၃၀၀)စတုရန်းပေရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ရှင် ဦးအောင် [၁၂/တမန(နိုင်)၁၀၆၀၉၁]အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သဇင်အောင် [၁၂/အလန(နိုင်)၀၄၆၁၁၂] မှ မြေကွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်ကို တရားဝင်နည်းလမ်းတကျ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့် LL.B** | **ဒေါ်အိဖြိုးဇင် LL.B, DBL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၇၅)** |
| **ဖုန်း ၀၉ - ၄၂၀၃၅၉၆၃** | **ဖုန်း ၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၄)(မော်လမြိုင်)
## (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်
## လုပ်ငန်းသုံးပစ္စည်းများပထမအကြိမ် အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန ၊ တံတားအထူးအဖွဲ့(၁၄)၊ မော်လမြိုင်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် မွန်ပြည်နယ်အတွင်းရှိ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းနှင့် တံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက်ဝယ်ယူခြင်း၊ ဘိလပ်မြေသယ်ယူပို့ဆောင်ခြင်းနှင့် သံချောင်း(ရှယ်စုံ)သယ်ယူပို့ဆောင်ခြင်းကို မြန်မာကျပ်ငွေဖြင့် (ပထမအကြိမ်) အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည်။

(က)တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက် - (၂-၅-၂၀၂၅) ရက်နေ့မှ (၉-၅-၂၀၂၅)ရက်နေ့အထိ (ရုံးချိန်အတွင်း)

(ခ)တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ - ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၄)

(ဂ)တင်ဒါဖွင့်မည့်နေ့ရက်/အချိန် -(၁၃-၅-၂၀၂၅)ရက်၊(အင်္ဂါနေ့) နံနက် (၁၀:၀၀) နာရီ

(ဃ)တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၄) - ၀၉-၄၅၂၉၀၄၅၅၉၊**
**၀၉-၂၅၅၃၀၁၁၈၆**

## မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မော်လမြိုင်မြို့
## (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်
## လုပ်ငန်းသုံးပစ္စည်းပထမအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သထုံခရိုင်၊ ရေးခရိုင်နှင့် ကျိုက်ထိုခရိုင်တို့မှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်(ငွေလုံးငွေရင်း/သာမန်)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း-တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် **လုပ်ငန်းသုံးပစ္စည်း** ပထမအကြိမ် အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက် - (၂-၅-၂၀၂၅)ရက်နေ့မှ (၉-၅-၂၀၂၅)ရက်နေ့ထိ (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့ လမ်းဦးစီးဌာန၊ သထုံခရိုင်၊ သထုံမြို့ လမ်းဦးစီးဌာန၊ ရေးခရိုင်၊ ရေးမြို့ လမ်းဦးစီးဌာန၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့

(ဂ) တင်ဒါဖွင့်မည့် နေ့ရက်/အချိန် - **(၁၃-၅-၂၀၂၅) ရက်နေ့ (အင်္ဂါနေ့)** နံနက် (၁၀:၀၀) နာရီ

(ဃ)တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ - ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

| | |
|---|---|
| **မော်လမြိုင်ခရိုင်** | **၀၅၇-၂၄၇၅၉** |
| | **၀၉-၇၇၉၀၆၉၉၄၈** |
| **သထုံခရိုင်** | **၀၅၇-၄၀၀၄၆** |
| **ရေးခရိုင်** | **၀၉-၂၅၃၇၀၆၄၈၉** |
| **ကျိုက်ထိုခရိုင်** | **၀၉-၉၇၅၇၀၀၇၂၂** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၉

| | | |
|---|---|---|
| ဦးသန်းထွဋ် | နှင့် | ၁။ ဦးရဲထွဋ် |
| | | ၂။ ဒေါ်ခင်သန္တာမျိုး |
| **(တရားလို)** | | **(တရားပြိုင်များ)** |

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်-၉၈၆ နေ ဦးရဲထွဋ်နှင့် ဒေါ်ခင်သန္တာမျိုး (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။**

သင့်တို့အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း မြေကွက်နှင့်နေအိမ် အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ ၈ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့ နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင့်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် ကြိုတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## ရုံးသုံး /လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများဝယ်ယူရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ပါဖော်ပြပါ ရုံးသုံး/လုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူမည် ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| (၁) | Automatic Kraft Mail wallet and Pocket Envelope Paper Bag Making Machine **(စာအိတ်ကော်ကပ်စက်)** | - 1 No |
| (၂) | Hydraulic Die Cutting Machine**(စာအိတ်ပုံစံနှင်းစက်)** | - 1 No |
| (၃) | Knife Grinding Machine | - 1 No |
| (၄) | Pallet Truck (3 Ton) | - 2 Nos |
| (၅) | Renovation of KBA 4 Unit Sheetfed Offset | - 1 Lot |
| (၆) | Renovation of Heidelberg 2 Unit Sheetfed Offset | - 1 Lot |
| (၇) | Muller Martini Perfect Binding Program Card | - 1 Lot |
| | **လဲလှယ်ခြင်း** | |
| (၈) | Router (300 mbp) | - 3 Nos |
| (၉) | UPS (1250 VA) | - 8 Nos |
| (၁၀) | Monitor 27" | - 2 Nos |
| (၁၁) | 4 Unit Sheetfed Offset Printing Machine | - 1 No |
| (၁၂) | Gathering and Stitching Machine | - 1 No |
| (၁၃) | CCTV Equipment | - 1 Set |
| (၁၄) | Air Conditioner 1.5 HP (Split Type) | - 7 Nos |
| (၁၅) | Air Conditioner 2 HP (Split Type) | - 8 Nos |
| (၁၆) | Air Conditioner 3 HP (Floor Stand Type) | - 4 Nos |
| (၁၇) | Stand Fan (16") | - 13 Nos |
| (၁၈) | Stand Fan (26") | - 7 Nos |
| (၁၉) | Exhaust Fan (18") | - 3 Nos |
| (၂၀) | Paper Cutting Machine (Single Knife) | - 2 Nos |
| (၂၁) | Gold Foil Stamping Machine | - 1 No |
| (၂၂) | Foil Stamping & Laminator Machine | - 1 No |
| (၂၃) | Sound System | - 2 Sets |
| (၂၄) | Projector | - 2 Nos |
| (၂၅) | Finger Print | - 2 Nos |
| (၂၆) | Desktop Computer (Graphic) | - 4 Nos |
| (၂၇) | Desktop Computer | - 10 Nos |
| (၂၈) | Laptop | - 2 Nos |
| (၂၉) | Laser Printer (A4) | - 5 Nos |
| (၃၀) | Colour Printer (A3) | - 5 Nos |
| (၃၁) | Digital Multifunction Copier With Feeder | - 4 Nos |
| (၃၂) | Document Scanner | - 1 No |
| (၃၃) | Flatbed Scanner | - 1 No |
| (၃၄) | Cash Counter | - 1 No |
| (၃၅) | IDEAPAD | - 1 No |

၂။ အိတ်ဖွင့်တင်ဒါများကို(၂၈-၅-၂၀၂၅)ရက်မှ(၂၈-၆-၂၀၂၅)ရက်အထိ နေ့စဉ် နံနက် (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် တင်ဒါဖောင် Machine-1 (၁)စောင်လျှင် ၁၀,၀၀၀/-နှုန်းဖြင့်လည်းကောင်း၊ Machine-2 (၁)စောင်လျှင် ၅၀,၀၀၀/-နှုန်းဖြင့်လည်းကောင်း လာရောက်ဝယ်ယူနိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ကုမ္ပဏီ(၁)ခုလျှင် (၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံပါသည်။

၃။ အိတ်ဖွင့်တင်ဒါများ လာရောက်တင်သွင်းရာတွင် ဈေးနှုန်းမပါသည့် Specification & Catalogue များကို (၂၉-၆-၂၀၂၅) မှ (၅-၇-၂၀၂၅) ရက်အထိ လည်းကောင်း၊ ဈေးနှုန်းပါသည့် Specification & Catalogue များတင်သွင်းခြင်းကို (၁၆-၇-၂၀၂၅) ရက်တွင်လည်းကောင်း နံနက် (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းကြရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုးစုစုပေါင်း၏ (၁%)အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် P.G (Performance Bank Guarantee)ပြုလုပ်၍ ပေးသွင်းရမည် ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၃၇၄၊ ၀၆၇-၃၄၁၂၃၇၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် |
| ပြန်ကြားရေးဝန်ကြီးဌာန | ထုခွဲရောင်းချရေးကော်မတီ |
| ရုံးအမှတ် (၇) ၊ နေပြည်တော် | ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန |
| ဖုန်း-၀၆၇-၃၄၁၂၃၇၄ ၊ | ပြန်ကြားရေးဝန်ကြီးဌာန |
| ၀၆၇-၃၄၁၂၃၇၅ | ရုံးအမှတ် (၇) ၊ နေပြည်တော် |
| | ဖုန်း ၀၆၇-၃၄၁၂၃၇၄ ၊ ၀၆၇-၃၄၁၂၃၇၅ |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပညာရေးအခြေခံမကောင်းပါက မိမိအတွက်သော်လည်းကောင်း၊ မိမိဘဝ၊ မိမိ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်...

❖ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီး ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုဖြစ်ပွား

နေပြည်တော် မေ ၂၈

ယနေ့ နံနက် ၇ နာရီက ကျောက်တံခါးဘူတာမှထွက်ခွာလာသော အမှတ်(၉၀၂)အစုန်ကုန်ရထားသည်ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးဘူတာနှင့် သူငွေးကုန်းဘူတာအကြား မိုင်တိုင်အမှတ် (၁၀၇/၄-၅) နေရာသို့ ရောက်ရှိချိန်တွင် အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အစုန်ရထားလမ်း ထိခိုက်ပျက်စီးနေကြောင်းတွေ့ရှိရသဖြင့် ကျောက်တံခါးဘူတာသို့ ပြန်လည်ဆုတ်ခွာခဲ့ရပြီး ကျောက်တံခါးနှင့် သူငွေးကုန်းရထားလမ်းပိုင်းအား စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖



ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာအကြား အစုန်ရထားလမ်းပေါ်၌အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအခြေအနေကိုတွေ့ရစဉ်။

## MNL ယူ-၂၁ လူငယ်လိဂ်တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အဖွင့်ပွဲအနိုင်ရ

ရန်ကုန် မေ ၂၈

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) နောက်ဆုံးနေ့ကို မေ ၂၈ ရက်က တောင်ဒဂုံကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ပွဲဦးထွက်ပွဲတွင် အမှားအယွင်းမရှိ အမှတ်ပြည့်ရယူနိုင်ခဲ့ပြီး တာထွက်ကောင်းခဲ့သည်။ ရတနာပုံအသင်းသည် ပထမပိုင်းအပြီးထိ သရေကစားနိုင်သော်လည်း ဒုတိယပိုင်းတွင် ဂိုးများပေးခဲ့ရပြီး အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၅၃ မိနစ်တွင် ကျော်လင်းထွေးနှင့် ၈၇ မိနစ်တွင် ထက်မြတ်လွင်တို့က သွင်းယူခဲ့သည်။

ယခုရာသီ MNL ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အပါအဝင် စာမျက်နှာ ၂၂ ကော်လံ ၅ သို့ ❍

ယနေ့ ဖတ်စရာ


**လျှော့ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိ** စာမျက်နှာ » ၉

**မန္တလေးငလျင်ကြီးကြောင့် အသက်ခန္ဓာဆုံးရှုံးသွားသော သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ပြည်သူများအတွက်ရည်စူး၍ တစ်လပြည့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း** စာမျက်နှာ » ၁၅


## လီဗာပူးအသင်း ပရီမီယာလိဂ်ဖလား အကြိမ်(၂၀)မြောက်ဆွတ်ခူး

လီဗာပူးအသင်းနဲ့ စပါးအသင်းတို့ မေ ၂၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် (၃၄)မှာ လီဗာပူးအသင်းက စပါးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ဖလားကို အကြိမ်(၂၀)မြောက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ✮

